# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# (၃၀)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၀ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၃း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ အစီအစဉ်ကို နေ့လယ် ၁၃း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေးရဲ့ (၃၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၃၀)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၆.၄၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေထက် သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ (က) နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၃း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၃၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၃း၀၂။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ စာရင်းကို ဖတ်ကြားတင်ပြပါ့မယ်။

ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ နေမကောင်း၊ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ဒေသ ဖွံ့ဖြိုးရေး၊ ဦးဌေးမောင်၊ မန္တလေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒုတိယဗိုလ်မှူးကြီးစိုးလင်း၊ တပ်မတော်၊ ကျန်းမာရေး၊ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ဖခင်ကျန်းမာရေး၊ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကချင်ပြည်နယ်ကိစ္စ၊ ဦးမြအုန်း၊ ကချင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးစိုးအောင်၊ မန္တလေး(၁၁) ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးရဲမြင့်၊ ပဲခူး(၄)၊ သွားရောဂါ၊ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်၊ ဒုတိယဗိုလ်မှူးကြီးဇော်မိုး၊ တပ်မတော်၊ ကျန်းမာရေး တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘော တူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၃း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦး၊ ယနေ့ ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း (၃၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၃း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦးက မေးမြန်းသည့် မေးခွန်းများသည် လျှပ်စစ် စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**လျှပ်စစ်ဓာတ်အားကို အလင်းရောင်ရရုံသာ အသုံးပြုရသော အိမ်ဆိုင်များကို စီးပွားရေးသုံးအဖြစ် သတ်မှတ်ကောက်ခံနေခြင်းကို ပြန်လည်စိစစ်၍ အသုံးပြုမီတာ ယူနစ်ပမာဏအရသာ ကောက်ခံပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က လျှပ်စစ်ဓာတ်အားကို အလင်းရောင်ရရုံသာ အသုံးပြုရသော အိမ်ဆိုင်များကို စီးပွားရေးသုံးအဖြစ် သတ်မှတ်ကောက်ခံနေခြင်းကို ပြန်လည်စိစစ်၍ အသုံးပြုမီတာယူနစ်ပမာဏအရသာ ကောက်ခံပေးနိုင်ခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၇။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်နဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံးကို လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ကျွန်တော် ဦးခင်မောင်ရီ အနေနဲ့ မေးမြန်းခွင့်ရတဲ့ လျှပ်စစ်ဓာတ်အားနဲ့ ပတ်သက်တဲ့ မေးခွန်းကို ကျွန်တော် တင်ပြမေးမြန်းမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လျှပ်စစ်မီတာကောက်ယူတာနဲ့ ပတ်သက်လို့ လောလောဆယ်ကောက်တဲ့ စနစ်က အိမ်သုံးမီတာနဲ့ စီးပွားရေးသုံးမီတာဆိုပြီး နှစ်မျိုးခွဲကောက်ပါတယ်။ ဒါဟာ အင်မတန် လျော်ကန်သင့်မြတ်တဲ့စနစ်ဖြစ်ပြီးတော့ လုပ်ငန်းအရ ခွဲခြားကောက်တာ ဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ နားလည်နိုင်ပါတယ်။ ဒါပေမဲ့ လက်ရှိဖြစ်နေတဲ့ အခြေအနေက၊ မြေပြင်မှာ တကယ်ဖြစ်နေတာက ကျွန်တော်တို့ မြို့တွေနဲ့၊ ရွာတွေနဲ့၊ ဒေသတွေနဲ့ ကျွန်တော်တို့ အတိအကျ ပြောမယ်ဆိုရင်လည်း ပြောလို့ရပါတယ်။ ဆိုင်စာရင်းလိုချင်လည်း ယူပေးလို့ရပါတယ်။ အဲဒါ ဘာလဲဆိုတော့ အိမ်လေးတွေရဲ့ရှေ့မှာ အပိုငွေဝင်ဖို့အတွက် ဆိုင်လေးတွေဖွင့်ပါတယ်။ ဘယ်သူတွေဖွင့်လဲဆိုလို့ရှိရင် လစာအင်မတန်နည်းတဲ့ အောက်ခြေဝန်ထမ်းတွေ၊ အငြိမ်းစားဝန်ထမ်းတွေ၊ ဝင်ငွေနည်းတဲ့ အရပ်သားတွေ၊ ဒီပုဂ္ဂိုလ်တွေဟာ နေ့စဉ်ဟင်းရွက်ဖိုးလောက် ကာမိစေတော့ ဆိုတဲ့သဘောနဲ့အိမ်ရှေ့မှာ ဆိုင်လေးတွေဖွင့်ပြီးတော့ ကွမ်းယာဆိုင်သာသာ၊ တချို့လည်း ကွမ်းယာ၊ စီးကရက် ရောင်းတာရှိတယ်။ မုန့်ထုတ်လေးတွေ ချိတ်ထားတာရှိတယ်။ တချို့က ချက်ပြီးသား

ဟင်းလေးတွေ ရောင်းတာရှိတယ်။ တချို့ကလည်းပဲ အသုပ်လေးတွေ ဘာလေးတွေ ရောင်းတာရှိတယ်။ အဲဒီလိုဆိုင်လေးတွေပါ ပါတယ်ခင်ဗျား။

အလားတူ ဝါး၊ ဓနိရောင်းတဲ့ ဆိုင် ရှိပါတယ်။ ဝါး၊ ဓနိတွေဟာ မြို့လယ်ခေါင်တွေမှာ မရှိပါဘူး။ ဆင်းရဲသားအများစု နေထိုင်တဲ့ ရပ်ကွက်တွေမှာ ရှိပါတယ်။ ဝါး၊ ဓနိဆိုင်ဆိုတာ နေ့ခင်းတစ်ခုပဲ အရောင်းအဝယ်ရှိပါတယ်။ ဝါး၊ ဓနိဆိုင်တွေ လျှပ်စစ်နဲ့ ပတ်သက်လို့ ညကို လုံခြုံရေးအတွက် မီးထွန်းတာသာရှိပြီးတော့ ကျန်တာ ဘာမှမသုံးပါဘူး။ ကျွန်တော် ပြောခဲ့တဲ့ ဆိုင်လေးတွေဟာလည်း၊ အိမ်တွေမှာသုံးတဲ့ ဆိုင်လေးတွေဟာလည်း သူတို့ကိုယ်တိုင်က မီတာခ ကုန်မှာကြောက်လို့ LED ကျွန်တော်တို့ စပလိန်ခွေလို အခွေလေးတွေပဲသုံးပြီး ကျန်တာကို ဘာမှ အသုံးပြုမှု မရှိပါဘူး။ ဆိုလိုတာက လျှပ်စစ်နဲ့ ပတ်သက်တဲ့ အသုံးအဆောင်ပစ္စည်း (Electrical applies) တစ်စုံတစ်ရာသုံးခြင်း မရှိဘူးဆိုတာကို ကျွန်တော် ဆိုလိုခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့မေးခွန်းမှာ အလင်းရောင်ရရုံသာဆိုတဲ့စကားကို ထည့်ပေးခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီနားမှာလည်း စီးပွားရေးသမားတွေ ရှိပါတယ်။ စီးပွားရေးလုပ်ကိုင်တဲ့ ပုဂ္ဂိုလ်တွေက ဘယ်လိုဟာတွေလဲဆိုတော့ ကွန်ပျူတာနဲ့ မိတ္တူကူးဆိုင်။ သုံးတာပေါ့ လျှပ်စစ်ကို။ ကြံရည်တို့၊ သစ်သီးဖျော်ရည်တို့ဆိုရင် ဖျော်ရည်စက်တို့၊ ကြံရည်ကြိတ်စက်တို့ မော်တာသုံးပါတယ်။ ရေရောင်းစားတာရှိပါတယ်။ အဝီစိတွင်းမှာ မော်တာနဲ့တင်ပြီး မောင်းတာရှိပါတယ်။ ဒါတွေကတော့ မှန်ပါတယ်။ ဆိုင်ကြီးတွေဆိုရင် Deep Freezer ထားတာရှိတယ်။ ဒါတွေက လျှပ်စစ်ပစ္စည်း အမှန်ပဲ။ လျှပ်စစ်အသုံးအဆောင်ပစ္စည်းကိုသုံးလျက် စီးပွားရှာတာ ဖြစ်ပါတယ်။ အဲဒီနှစ်ခုကို ကျွန်တော် ခွဲခြားစေချင်တဲ့သဘော ပါပါတယ်။ အခုတော့ရင် အပိုဝင်ငွေလေးရရုံ၊ အိမ်စရိတ်လေးကာမိရုံလောက်ဖြစ်တဲ့ တစ်ဖက်တစ်လမ်းက အပိုရအောင်ရောင်းတဲ့ အလင်းရောင်ကိုသာ အသုံးပြုတဲ့ သဘောသုံးတဲ့ လျှပ်စစ်ကိုသုံးတဲ့ ဆိုင်ကလေးများကို စီးပွားရေးဆိုင်ဖြစ်တဲ့ နယ်တွေမှာ လက်တွေ့ ကောက်နေပါကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်မေးခွန်းကတော့ အပိုဝင်ငွေရနိုင်ရုံ၊ အိမ်စရိတ် အထောက်အကူ ရနိုင်ရုံသာအဆင့်ရှိပြီး လျှပ်စစ်ဓာတ်အားကို အလင်းရောင်ရရုံသာ အသုံးပြုရသော အိမ်ဆိုင်များတွင် စီးပွားရေးသုံးအဖြစ် သတ်မှတ်ကောက်ခံနေခြင်းတွင် မြေပြင်တွင် ပြန်လည်စိစစ်၍ အသုံးပြုမီတာယူနစ် ပမာဏအရသာလျှင် ကောက်ခံသင့်ပါကြောင်းနှင့် ထိုသို့ဆောင်ရွက်ပေး

နိုင်ခြင်း ရှိ/မရှိ အခြေခံလူတန်းစား မဲဆန္ဒရှင်များရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ကိုယ့်အားကိုယ်ကိုး မီးလင်းရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန် အခက်အခဲများရှိနေသည့်အတွက် နိုင်ငံတော်အစိုးရအဖွဲ့မှလည်းကောင်း၊ အခြားလှူဒါန်းလိုသော အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး နှစ်တိုနှစ်ရှည်ချေးငွေများဖြင့်လည်းကောင်း စီမံဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၁၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် က ကိုယ့်အားကိုယ်ကိုး မီးလင်းရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန် အခက်အခဲများ ရှိနေတဲ့အတွက် နိုင်ငံတော်အစိုးရအဖွဲ့မှလည်းကောင်း၊ အခြားလှူဒါန်းလိုသော အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး နှစ်တိုနှစ်ရှည် ချေးငွေများဖြင့်လည်းကောင်း စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၀။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ လွှတ်တော်ရပ်နားချိန်အတွင်းမှာ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲများကို ကျွန်တော့်နယ်မြေဖြစ်တဲ့ တိုက်ကြီး၊ လှည်းကူး၊ မှော်ဘီမြို့နယ်များသို့ ကွင်းဆင်းဆောင်ရွက်ခဲ့စဉ်က ဒေသခံပြည်သူများအနေဖြင့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရခြင်း၊ အချို့ကျေးရွာ ရပ်မိရပ်ဖ မီးလင်းရေး ကော်မတီများအား သက်ဆိုင်ရာကုမ္ပဏီများမှ တရားစွဲဆိုမှုများရှိနေကြောင်း တင်ပြကြသဖြင့် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် တာဝန်ရှိ၍ အောက်ပါအကြောင်းအရာများအား မေးမြန်းရခြင်း ဖြစ်ပါတယ် -

နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှ ယနေ့အစိုးရသစ်လက်ထက်အထိ ကိုယ့်အားကိုယ်ကိုးနည်းလမ်းဖြင့် ဆောင်ရွက်ရသောလုပ်ငန်းသည် ယခင်ပါတီကောင်စီခေတ်မှ ယနေ့အထိ ခေတ်စားလာရခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ၏ မူဝါဒများချမှတ်ရာတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အဓိကကျသော အကြောင်းအရာဖြစ်ပါတယ်။

ယခု တိုက်ကြီးမြို့နယ်အတွင်း ရပ်ကွက်ကျေးရွာအုပ်စု(၉၄)အုပ်စုရှိခဲ့ရာ ၁၉၈၈ ခုနှစ်၊ အရေးအခင်းပြီးနောက်ပိုင်းမှာ ကိုယ့်အားကိုယ်ကိုးနည်းလမ်းဖြင့် မြို့ပေါ်ရပ်ကွက်များ၊ ကျေးလက်နေရာများ လျှပ်စစ်မီးလင်းရေးကို ကိုယ့်အားကိုယ်ကိုးဖြင့် ဆောင်ရွက်ခဲ့ရာမှာ တိုက်ကြီးမြို့နယ်မှ (၈)ရပ်ကွက်၊ ဥက္ကံမြို့(၈)ရပ်ကွက်၊ အဖျောက်(၄)ရပ်ကွက် အားလုံးဟာ ကိုယ့်အားကိုယ်ကိုးမီးလင်းမှုများ ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ ကျေးရွာအုပ်စုများအနေဖြင့် တိုက်ကြီးဒေသတွင် (၂၂)အုပ်စုမှ (၁၇)အုပ်စု၊ အဖျောက်ဒေသမှာ(၁၄)အုပ်စုမှ (၁၂)အုပ်စု၊ တော်လတီဒေသ(၁၀)အုပ်စုမှ (၃)အုပ်စု၊ ဖလုံဒေသမှာ(၈)အုပ်စုမှ (၅)အုပ်စု၊ ဥက္ကံဒေသမှာ (၃၄)အုပ်စုမှ (၁၃)အုပ်စု စုစုပေါင်း (၅၀)အုပ်စုဟာ ကိုယ့်အားကိုယ်ကိုး ဒေသဖွံ့ဖြိုးရေးအတွက် မီးလင်းရန် ဆောင်ရွက်နိုင်ခဲ့ပြီး၊ ယခု ၂၀၁၃ ခုနှစ်ထိ ဒေသရပ်မိရပ်ဖများမှ ကြိုးစားဆောင်ရွက်ဆဲ၊ ကြိုးစားဆောင်ရွက်ဆဲဆိုရာမှာ ဓာတ်တိုင်၊ ကြိုး၊ ထရန်စဖော်မာ သွယ်တန်းခ ကုန်ကျစရိတ်များထဲမှ အချို့ဓာတ်တိုင်ပြုလုပ်ပြီး၊ ကြိုးဝယ်ပြီး၊ ထရန်စဖော်မာဖိုး လိုအပ်လျက်ရှိပြီး အချို့အုပ်စုများအနေဖြင့် ကုမ္ပဏီများမှ အကြွေးစနစ်ဖြင့် ဝယ်ယူဆောင်ရွက်ဆဲအုပ်စုများ၊ ကျေးရွာခွဲများလည်း ရှိနေကြပါတယ်။

မီးလင်းရေး ဆောင်ရွက်ဆဲအုပ်စုများနှင့် ကျေးရွာခွဲများအနေဖြင့် တိုက်ကြီးမှာ ကျွန်တော်တို့ ဒေသ(၆)ခုရှိပါတယ်။ တိုက်ကြီးဒေသ၊ ဖလုံဒေသ၊ တော်လတီဒေသ၊ အိုင်ကလောင်ဒေသနဲ့ အဖျောက်ဒေသ၊ ဥက္ကံဒေသတို့ရှိပါတယ်။ တိုက်ကြီးဒေသမှာ ဥတိုအုပ်စုက သဲပြား၊ အိုးဘိုတန်း ကျေးရွာများ။ ဆင်စခန်းအုပ်စုမှ ဆင်စခန်း၊ ငါးအိမ်စုရွာများ။ ဂျိုးဖြူအုပ်စုက ကျိုးပင်အင်းရွာများ။ တောင်ရပ်ဇီးကုန်းအုပ်စုက ဇီးကုန်း၊ ကျောင်းစုရွာများ၊ မင်္ဂလာရပ်ကွက်က လူသန့်အင်းကျေးရွာ။ တာခွအုပ်စုက ရှမ်းတောကြီး၊ ပိတောက်တန်း၊ ရှောက်ပင်ကပ်ရွာများ။ ဖလုံဒေသမှ ဥပ္ပုံအုပ်စုမှာ ရေတွင်းကြီး၊ ဇရပ်ဖြူ၊ ကံကလေးရွာများ၊ ဥက္ကံရေသိုးအုပ်စုမှာ ဥက္ကံရေသိုးရွာများ၊ တော်လတီဒေသအနေနဲ့ ဖက်ဝန်းကုန်းအုပ်စုမှာ ဖက်ဝန်းကုန်းရွာ၊ ငှက်ပျောတောရွာ၊ ရွာသစ်ကုန်း၊ ဘေးမဲ ရွာများ။ မင်းလှဝအုပ်စုမှာ မင်းလှဝ၊ သပြေတန်း၊

ကွမ်းခြံကုန်းရွာများ။ ဘောလကွတ်အုပ်စုမှာ ဘောလကွတ်ရွာ၊ အိုင်ကလောင်ဒေသမှ လှိုင်အုပ်စုမှာ လှိုင်ကျေးရွာ၊ ရန်လုံးနိုင်ကျေးရွာများ၊ ကံကလေး-အေအုပ်စုမှ ကံကလေးရွာ။ ခုနှစ်ကျိုက်အရှေ့အုပ်စုမှာ ခုနှစ်ကျိုက်ရွာ၊ အဖျောက် ဒေသ အနေဖြင့် ကျွေပုဂံချောင်းအုပ်စုမှာ ကျွေပုဂံချောင်းရွာ။ ဥက္ကံဒေသမှ ပန်းပင်တန်းအုပ်စုက ပန်းပင်တန်းရွာ၊ မြစိမ်းတောင်ညိုရွာ၊ အိုင်ကြီးအုပ်စုက အိုင်ကြီးရွာ၊ ဥက္ကံရှမ်းစုအုပ်စုမှာ ရှမ်းစုရွာ၊ ပျဉ်းမကုန်းအုပ်စုက ပျဉ်းမကုန်းရွာ၊ ဂေါ့အုပ်စုက မြသက်သာကျေးရွာ၊ ဂုံညှင်းတန်း အုပ်စုမှာ ဂုံညှင်းတန်းရွာ၊ အထက်ပါအုပ်စုများ ရှိခဲ့ကြပါတယ်။

ဎင်းကျေးရွာအုပ်စုများသည် ကိုယ့်အားကိုယ်ကိုးမီးလင်းနိုင်ရေးအား ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ ဝိုင်းဝန်းငွေကြေးထည့်ဝင်ရန် ကြိုတင်သတ်မှတ်ထားကြသော်လည်း အခြေခံ လယ်သမား၊ လယ်ယာလုပ်သားမိသားစုများအနေဖြင့် စားဝတ်နေရေး အဆင်မပြေမှုများကြောင့် မိမိတို့ အားစိုက်ကြိုးပမ်းခဲ့သောလုပ်ငန်းများပါ ယနေ့တိုင် တိုင်ထောင်၊ ဓာတ်ကြိုးသွယ်အဆင့် များသာရှိပြီး (၃)နှစ်ခန့်ကြာမြင့်ခဲ့ပြီး လုပ်ငန်းများ ဆက်လက်လုပ်နိုင်ရန် အခက်အခဲများ ရှိနေခဲ့ ပါတယ်။ သို့အတွက် နိုင်ငံတော်အစိုးရအဖွဲ့မှလည်းကောင်း၊ အခြားလှူဒါန်းလိုသော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး နှစ်တိုနှစ်ရှည် ချေးငွေများဖြင့်လည်းကောင်း၊ စီမံဆောင်ရွက် ပံ့ပိုးကူညီမှုဖြင့်လည်းကောင်း ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဒေသခံပြည်သူများ၏ ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မဟာဓာတ်အားလိုင်းတစ်လျှောက်ရှိ ကျေးရွာပြည်သူများအတွက် နိုင်ငံတော်မှ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၁၄။**

**ဥက္ကဋ္ဌ**။ ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ က မဟာ ဓာတ်အားလိုင်းတစ်လျှောက်ရှိ ကျေးရွာပြည်သူများအတွက် နိုင်ငံတော်မှ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၄။**

**ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒု-ဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အားလုံးကို လေးစားစွာပဲ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်

မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းက လောပိတရေအားလျှပ်စစ် မဟာဓာတ်အားလိုင်းတစ်လျှောက်ရှိ ကျေးရွာပြည်သူများအတွက် နိုင်ငံတော်မှ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်း မေးမြန်းရခြင်း အကြောင်းအရင်းကို တင်ပြလိုပါတယ်။ လောပိတရေအားလျှပ်စစ် မဟာဓာတ်အားစီမံကိန်းကြီးကို ၁၉၅၄ ခုနှစ်မှ စတင် ဆောင်ရွက်ခဲ့ပါတယ်။ လျှပ်စစ်ဓာတ်ကြိုးကြီးတွေကို တာဝါတိုင်ကြီးများဖြင့် သွယ်တန်းပါတယ်။ အထက်မြန်မာပြည်ကို လွိုင်ကော်မြို့ရဲ့မြောက်ဘက် သွယ်တယ်လို့ သိရပါတယ်။ အောက်မြန်မာ နိုင်ငံအတွက် လျှပ်စစ်ဓာတ်အားရရှိဖို့ လောပိတကနေ ကယားပြည်နယ်ရှိ လွိုင်ကော်မြို့နယ်၊ ဒီမောဆိုမြို့နယ်၊ နောက်ပြီးတော့ ရှမ်းပြည်နယ်တောင်ပိုင်းမှာရှိတဲ့ ဖယ်ခုံမြို့နယ်ကိုလည်း ဖြတ်လာတယ်။ ပြီးမှ သံတောင်ကြီးမြို့နယ်၊ တောင်ငူမြို့နယ်ကို ဖြတ်သန်းလာပြီး တောင်ငူ ဟင်းငုတ်ပင်ဓာတ်အားရုံ ပို့ဆောင်တယ်လို့ သိရပါတယ်။ သံတောင်ကြီးမြို့နယ်ကို ဖြတ်လာတဲ့ နေရာမှာ ကျေးရွာအုပ်စု(၁၀)စုပါပါတယ်။ တောင်ငူမြို့နယ်ကျတော့ ကုန်းမြေကျေးရွာအုပ်စု ပါပါတယ်။

ဒီတာဝါတိုင်ကြီးတွေရဲ့ လုံခြုံရေးအတွက် ဒီတာဝါတိုင်ကြီးကို တောင်ငူ-လိပ်သို-ယာဒို- လွိုင်ကော်လမ်းနဲ့ ယှဉ်ပြီးတော့ သွယ်တန်းထားတယ်။ တာဝါတိုင်ကြီးတွေရဲ့ လုံခြုံရေးအတွက် ဓာတ်အားလိုင်း ဖြတ်သန်းရာ လမ်းတစ်လျှောက်မှာရှိတဲ့ ကျေးရွာပြည်သူတွေဟာ တာဝါတိုင် များကို နှစ်စဉ်ခြုံစည်းရိုးကာခြင်း၊ လုံခြုံရေးကင်းစောင့်ခြင်းတို့ကို လုပ်ပေးရတယ်။ လုပ်ငန်းစတင် ချိန်ကနေပြီးတော့ ၂၀၁၁ မတ်လအထိ လုပ်အားပေးဆောင်ရွက်ခဲ့ရပါတယ်။ အဲဒီလို နှစ်(၅၀) ကျော် တာဝါတိုင် လုံခြုံရေးလုပ်အားပေးခဲ့ရသော်လည်း ဒီနေ့ထိ ဒီမဟာဓာတ်အားလိုင်းကြီးမှ လျှပ်စစ်မီးတစ်ပွင့်မှ အကျိုးမခံစားရသေးပါဘူး။ သံတောင်ကြီးမြို့နယ်မှာဆိုရင် လိပ်သိုနှင့် ယာဒိုမြို့သာလျှင် ဂျင်နရေတာမီးစက်ဖြင့် တစ်ညလျှင်(၃)နာရီသာ လျှပ်စစ်မီး ရရှိပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများရဲ့ကိုယ်စား အောက်ပါအတိုင်း မေးမြန်းရခြင်း ဖြစ်ပါတယ် -

(က) မဟာဓာတ်အားလိုင်းတစ်လျှောက်ရှိ ကျေးရွာပြည်သူများအတွက် နိုင်ငံတော်မှ လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ၊ (ခ) ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိပါက မည်ကဲ့သို့ ဆောင်ရွက်ပေးမည်၊ မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက် ပေးမည့်အစီအစဉ်၊ (ဂ) ဆောင်ရွက်ပေးမည့် အစီအစဉ် မရှိသေးပါက မည်သည့်အကြောင်းကြောင့်

ဆောင်ရွက်ပေးနိုင်ခြင်း မရှိကြောင်းကို သိရှိလိုပါကြောင်း လေးစားစွာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၃း၁၈။**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ၏ မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ မေးခွန်းသည် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့် ၏ မေးမြန်းချက်နှင့် အလားတူဖြစ်သဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဖြေကြားပြီးလည်း ဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ဓာတ်အားခနှုန်းထားများကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှစပြီး အောက်ပါအတိုင်း ပြောင်းလဲကောက်ခံလျက်ရှိပါတယ်။ (က) အစိုးရဌာနအတွက် ရုံးသုံး၊ စက်မှုလက်မှုသုံး၊ တစ်လုံးတစ်ခဲတည်း တစ်ယူနစ်လျှင် (၃၅)ကျပ် (ယာယီလမ်းမီးများ) အပါအဝင်ဖြစ်ပါတယ်။ (ခ) အများပြည်သူအတွက် အိမ်သုံး၊ အိမ်သုံးပါဝါ၊ လမ်းမီး၊ တစ်ယူနစ်လျှင်(၃၅)ကျပ်နှုန်း၊ စက်မှုလက်မှုသုံး၊ တစ်လုံးတစ်ခဲတည်းနဲ့ တစ်ယူနစ်လျှင်(၇၅)ကျပ်နှုန်း စီးပွားရေးလုပ်ငန်းသုံး ဖြစ်ပါတယ်။ နိုင်ငံခြားငွေဖြင့် ဓာတ်အားသုံးစွဲသူများကို တစ်ယူနစ်လျှင် အမေရိကန်ဒေါ်လာ (၀.၁၂)နှုန်းဖြင့် ကောက်ခံခဲ့ပါတယ်။

ထိုသို့ပြောင်းလဲကောက်ခံမည်ဖြစ်ကြောင်းကိုလည်း သတင်းစာ၊ ဂျာနယ်တို့မှာ ကြော်ငြာချက်များ ထည့်သွင်းလျက် ဓာတ်အားသုံးစွဲသူများထံသို့ အသိပေးထားပြီး ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူများအနက် စီးပွားရေးလုပ်ငန်းဆောင်ရွက်ခြင်း မရှိသော်လည်းပဲ မိမိတို့ရဲ့ အစီအစဉ်အတိုင်း မီးဖို၊ ရေခဲသေတ္တာ၊ လေအေးစက် စသည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ သုံးလိုသူများကို အိမ်သုံးပါဝါ တပ်ဆင်ခွင့်ပြုပေးထားပါတယ်။ အိမ်သုံးအတွက်သာ သုံးစွဲခြင်းဖြစ်၍ ဓာတ်အားခနှုန်းထား တစ်ယူနစ်လျှင်(၃၅)ကျပ် စည်းကြပ်ကောက်ခံခဲ့ပါတယ်။

အိမ်သုံးမီတာဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု များစွာအသုံးပြုတဲ့ စတိုးဆိုင်များ၊ အရောင်းဆိုင်ကြီးများနှင့် လျှပ်စစ်ဓာတ်အားကို စီးပွားရေးလုပ်ငန်းအတွက် တိုက်ရိုက်သုံးစွဲတဲ့ ကွန်ပျူတာဂိမ်းဆိုင်၊ အလှပြင်ဆိုင်၊ မိတ္တူကူးဆိုင် စသည်တို့ကိုတော့ တစ်ယူနစ်လျှင် (၇၅)ကျပ်နှုန်းဖြင့် စည်းကြပ်ကောက်ခံခဲ့ပါတယ်။ ဓာတ်အားသုံးစွဲသူများအနေနဲ့ အိမ်သုံးအတွက် (၃၅)ကျပ်နှုန်းဖြင့် ခွဲ၍ ပေးဆောင်စေလိုပါက စီးပွားရေးလုပ်ငန်းအတွက် သီးခြားမီတာခွဲပြီး တပ်ဆင်ရန် လျှောက်ထားလာပါကလည်း စိစစ်ပြီး ခွင့်ပြုပေးလျက် ရှိပါတယ်။

သို့ရာတွင် စီးပွားရေးလုပ်ငန်းကြီးများမဟုတ်တဲ့ အလင်းရောင် အနည်းငယ်သာ အသုံးပြုပြီး အိမ်နှင့်တွဲလျက်ဖွင့်ထားသည့် ကွမ်းယာဆိုင်၊ ကုန်စုံဆိုင်၊ မုန့်ပဲသရေစာဆိုင်လေးများကိုမူ တစ်ယူနစ်လျှင်(၃၅)ကျပ်နှုန်းဖြင့်သာ စည်းကြပ်ကောက်ခံပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိစစ်ပြီး အလင်းရောင်အတွက် (၄)ပေမီးချောင်း (၂)ပေမီးချောင်းနှင့်အောက် သုံးစွဲသော အိမ်ဆိုင်ငယ်လေးများကိုတော့ တစ်ယူနစ်လျှင်(၃၅)ကျပ်နှုန်းဖြင့်သာ စည်းကြပ်ကောက်ခံဖို့အတွက် ထပ်မံစစ်ဆေးဖို့ ညွှန်ကြားထားပြီးလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားကို အလင်းရောင်အတွက်သာ အသုံးပြုတဲ့ နေအိမ်နှင့်တွဲပြီး ဖွင့်ထားတဲ့ အိမ်ဆိုင်ငယ်ကလေးများအနေဖြင့် (၇၅)ကျပ်နှုန်းနဲ့ ပေးဆောင်နေရခြင်းများ ရှိခဲ့ပါလျှင် သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ဆက်သွယ်သတင်းပို့ လျှောက်ထားနိုင်ပါကြောင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်မှ ကွင်းဆင်းကြည့်ရှုပြီးတော့ ဖြစ်သင့်သည့်အတိုင်းသာ ဖြေရှင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် ၏ မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာမီးလင်းရေး ဆောင်ရွက်ဆဲ ကျေးရွာအုပ်စုများအနက်

တိုက်ကြီးဒေသမှ ငါးအိမ်စုရွာက ၁၉-၁-၂၀၁၃ ရက်နေ့မှာလည်းကောင်း၊ ရေတွင်းကြီး၊ ဇရပ်ဖြူ၊ ကံကလေးရွာများဟာ ၇-၂-၂၀၁၃ ရက်နေ့မှာလည်းကောင်း၊ လျှပ်စစ်မီး ရရှိသုံးစွဲလျက်ရှိပြီး ဖြစ်ပါတယ်။ တိုက်ကြီးဒေသ၊ ဖလုံဒေသ၊ တော်လတီဒေသ၊ အိုင်ကလောင်ဒေသ၊ အဖျောက်ဒေသ၊ ဥက္ကံဒေသရှိ ကျေးရွာများအနက် ကျန်ရှိတဲ့ ကျေးရွာ(၆)ရွာသာ ကျေးရွာမီးလင်းရေးကော်မတီများ ဖွဲ့စည်း၍ ကိုယ်ထူကိုယ်ထမီးလင်းရေး ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ကျန်ရှိတဲ့ ကျေးရွာ(၆)ရွာမှာတော့ အိုးဖိုတန်း၊ သဲပြားကျေးရွာ (ဥတိုအုပ်စု)ကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ၂၆-၃-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၁၄၁၀ ဖြင့် (၂၀၀) ကေဗွီအေ ထရန်စဖော်မာနှင့် (၁၁)ကေဗွီ ဓာတ်အားလိုင်း(၈၅၀၀)ပေ၊ (၄၀၀)ဗို့ ဓာတ်အားလိုင်း (၄၈၇၀)ပေကို တည်ဆောက်ခွင့်ပြုခဲ့ပါတယ်။ ယခုအခါ ဓာတ်တိုင်များ စိုက်ထူပြီးဖြစ်ကြောင်း သိရှိရပြီးတော့ ကျန်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကျပ် (၇၃)သန်း ကျော်ခန့် ကုန်ကျမှာ ဖြစ်ပါတယ်။

ဖက်ဝန်းကုန်းကျေးရွာကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ၆-၅-၂၀၁၀ ရက်စွဲပါစာအမှတ်၊ ၁၅၁၉ ဖြင့် (၁၁/၀.၄)ကေဗွီ (၁၀၀)ကေဗွီအေ ထရန်စဖော်မာနှင့် (၁၁)ကေဗွီဓာတ်အားလိုင်း (၆၇၀၀)ပေ၊ (၄၀၀)ဗို့ဓာတ်အားလိုင်း (၁၁၉၄၁)ပေကို တည်ဆောက်ခွင့်ပြုခဲ့ရာမှာ ယခုအခါမှာ တိုင်များစိုက်ထူပြီးဖြစ်ကြောင်းသိရှိရပြီး ကျန်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကျပ်(၇၃)သန်းကျော်ခန့် ကုန်ကျမှာ ဖြစ်ပါတယ်။

ကွေ့ကုန်းကမ်းနား၊ ကွေ့ကုန်းစာဖြူဥနဲ့ ဝါးတောစုကျေးရွာကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ စာအမှတ်၊ ၂၅၃၅ (ကိုယ့်အားကိုယ်ကိုး)ဖြင့် (၁၀၀)ကေဗွီအေ ထရန်စဖော်မာ (၁)လုံး၊ (၁၁)ကေဗွီဓာတ်အားလိုင်း (၂၆၄၀)ပေ၊ (၄၀၀)ဗို့ဓာတ်အားလိုင်း (၉၇၄၇)ပေအား တည်ဆောက်ခွင့်ပြုခဲ့ရာမှာ ယခုအခါ ဓာတ်တိုင်များ ထူပြီးဖြစ်ကြောင်း ကျန်လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကျပ်သန်းပေါင်း (၆၉၃)သန်းကျော်ခန့် ကုန်ကျမှာ ဖြစ်ပါတယ်။

မင်းလှဝကျေးရွာအုပ်စု (၉)ရွာကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ၇-၁၂-၂၀၁၂ရက်စွဲပါ စာအမှတ်၊ ၅၀၅၆ ဖြင့် (၄၀၀)ကေဗွီအေ ထရန်စဖော်မာ (၁)လုံးနှင့် (၁၁) ကေဗွီဓာတ်အားလိုင်း (၁၅၈၄၀)ပေ၊ (၄၀၀)ဗို့ဓာတ်အားလိုင်း (၂၉၀၄၀)ပေကို တည်ဆောက်ခွင့်

ပြုခဲ့ရာ တိုင်များ စိုက်ထူပြီးဖြစ်ကြောင်း သိရှိရပြီးတော့ ကျန်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကျပ်သန်းပေါင်း(၂၁၅)သန်းကျော်ခန့် ကုန်ကျမှာဖြစ်ကြောင်း သိရှိရပါတယ်။

တောင်ရပ်ဇီးကုန်းကျေးရွာကို ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ၉-၇-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၂၅၃၆ ဖြင့် (၃၀၀)ကေဗွီအေ ထရန်စဖော်မာနှင့် (၁၁)ကေဗွီဓာတ်အားလိုင်း (၁၀၀)ပေ၊ (၄၀၀)ဗို့ဓာတ်အားလိုင် (၁၈၅၀၀)ပေ တည်ဆောက်ခွင့်ပြုခဲ့ရာ တိုင်များစိုက်ထူပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ကျန်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည် ဆိုပါက ခန့်မှန်းကျပ်သန်းပေါင်း (၁၀၂)သန်းကျော်ခန့် ကုန်ကျမှာ ဖြစ်ပါတယ်။

ကံသာယာကျေးရွာကို ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ၁၀-၈-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၂၅၃၆ ဖြင့် ခွင့်ပြုခဲ့ပြီးတော့ (၁၀၀)ကေဗွီအေ ထရန်စဖော်မာနှင့် ဓာတ်အားလိုင်း (၁၁)ကေဗွီဓာတ်အားလိုင်း (၄၀၀)ပေ၊ (၄၀၀)ဗို့ဓာတ်အားလိုင်း (၅၉၄၀)ပေ တည်ဆောက်ခွင့်ပြုခဲ့ရာမှာ ယခုအခါ ဓာတ်တိုင်များ စိုက်ထူပြီး ကျန်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပါက ခန့်မှန်းကျပ်သန်းပေါင်း (၄၃)သန်းကျော်ခန့် ကုန်ကျမှာဖြစ်ကြောင်း သိရှိရပါတယ်။ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အနေဖြင့် နိုင်ငံတော်မှ ခွင့်ပြုထားသော သုံးစွဲမည့် ရန်ပုံငွေပေါ်မူတည်၍ သုံးစွဲရခြင်းဖြစ်ပါတယ်။ အဆိုပါ ကျေးရွာများ မီးလင်းရေးကိစ္စအတွက် ရန်ပုံငွေခွင့်ပြုချက်မှာ လျာထားခွင့်ပြုခဲ့ခြင်း မရရှိခဲ့သေးပါ။

ယခုအခါမှာ လျှပ်စစ်ကဏ္ဍအပါအဝင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ ချေးငွေများ ရယူဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်းလုံးအတွင်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မဟာဓာတ်အားလိုင်းကြီးများ၊ ပင်မဓာတ်အားခွဲရုံကြီးများ၊ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အား ဖြန့်ဖြူးရေးလိုင်းများ၊ ဓာတ်အားခွဲရုံငယ်များ တည်ဆောက်ခြင်းတို့ကိုသာ အဓိကဦးစားပေး ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းလုပ်ငန်းများအတွက် ရယူသည့် ချေးငွေပမာဏသည်ပင် အလွန်များပြားနေပြီဖြစ်ပါတယ်။ ကျေးရွာများအားလုံးသို့ ပံ့ပိုးရမည့် ဘဏ္ဍာငွေပမာဏ အလွန်များပြားမှာဖြစ်၍ နိုင်ငံတော်ရန်ပုံငွေဖြင့် တစ်ပြိုင်နက်တည်း လောလောဆယ်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ ။

ဒါ့ကြောင့် နိုင်ငံတော်ဓာတ်အားစနစ်ကို ရောက်ရှိပြီး သို့မဟုတ် မရောက်ရှိသေးသော ဒေသများမှာ အသေးစားနှင့် အလတ်စား ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ၊ ဆောင်ရွက်လိုသည့် ပြည်တွင်းပြည်ပ လှူဒါန်းလိုသော အဖွဲ့အစည်းများ၊ နှစ်ရှည်နှစ်တို ချေးငွေပေးနိုင်သည့် အဖွဲ့အစည်းများနှင့် ရင်းနှီးမြှုပ်နှံလိုသူများကိုလည်း ဆွေးနွေးပွဲများကျင်းပ၍ ဖိတ်ခေါ်ထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောတော်ပလဲ ၏ မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မဟာဓာတ်အားလိုင်းဟာ (၂၃၀)ကေဗွီ ဗို့အားမြင့်ဓာတ်အားလိုင်း ဖြစ်တဲ့အတွက် ကျေးရွာများမှာ ဓာတ်အားကို တိုက်ရိုက်သုံးစွဲ၍ မရနိုင်ဖြစ်ပါတယ်။ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်းမှ ဗို့အား (၃၃)ကေဗွီ၊ (၁၁)ကေဗွီ၊ (၄၀၀)ဗို့ စသည်ဖြင့် ဗို့အားကို အဆင့်ဆင့်နှိမ့်ချ ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးမှ သုံးစွဲရပါတယ်။ လောပိတ - တောင်ငူ မဟာဓာတ်အားလိုင်းဟာ ကယားပြည်နယ်မှာ လွိုင်ကော်နှင့် ဒီမော့ဆိုမြို့များမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီးအရှေ့ရှိ သံတောင်မြို့၊ သံတောင်ကြီးမြို့၊ တောင်ငူမြို့များသို့ ဖြတ်သန်းပြီး တောင်သူ-ဟင်းငုတ်ပင် ဓာတ်အားခွဲရုံသို့ ရောက်ရှိ ဓာတ်အား ပို့လွှတ်ထားပါတယ်။

ကယားပြည်နယ်၊ လွိုင်ကော်မြို့အတွင်းမှာ မဟာဓာတ်အားလိုင်းတစ်လျှောက် ကျေးရွာ (၉)ရွာရှိသည့်အနက် (၈)ရွာ မီးလင်းပေးပြီး ဒီမော့ဆိုမြို့နယ်အတွင်း ကျေးရွာ(၂၀)ရှိသည့်အနက် (၆)ရွာမှာ ဓာတ်အားစနစ်မှ မီးလင်းပြီး ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလမှာ ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှု အကူအညီချေးငွေဖြင့် ကရင်ပြည်နယ်၊ သံတောင်ကြီး-လိပ်သို (၃၃)ကေဗွီလိုင်း မိုင်(၃၀)၊ လိပ်သိုမြို့မှာ (၃၃/၁၁)ကေဗွီ၊ (၃)အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းနှင့် (၁၁)ကေဗွီနဲ့ (၄၀၀)ဗို့ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ပေးနိုင်မှာဖြစ်ပြီး ၂၀၁၄ ခုနှစ်မှာ လုပ်ငန်းများပြီးစီးရန် လျာထားနိုင်ပါတယ်။ လိပ်သိုမြို့ မီးလင်းပြီးပါက အနီးပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာ(၈)ရွာဟာ မိမိအစီအစဉ်ဖြင့်သော်လည်းကောင်း၊ နိုင်ငံတကာဖွံ့ဖြိုးမှု အကူအညီ၊ နိုင်ငံတကာချေးငွေဖြင့်သော်လည်းကောင်း၊ မီးလင်းရေးအတွက် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နှင့် သံတောင်မြို့တို့ဟာ ဓာတ်အားစနစ်မှ ဓာတ်အား ရယူထားပြီးတော့ အနီးပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာ(၆)ရွာအနက် ကျေးရွာ(၁)ရွာမှာ လျှပ်စစ်မီး ရရှိပြီး ဖြစ်ပါတယ်။ တောင်ငူမြို့အနီးမှာရှိတဲ့ ကျေးရွာ(၁၄၂)ရွာရှိသည့်အနက် (၄၆)ရွာမှာလည်း လျှပ်စစ်မီးရရှိပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ (၁၁)ကေဗွီဓာတ်အားလိုင်းနဲ့နီးတဲ့ ကျန်ရှိသော ကျေးရွာများဟာ အချိန်တိုအတွင်း အမြန်ဓာတ်အား ရရှိသုံးစွဲလိုပါက အခြားကျေးရွာများကဲ့သို့ ဒေသအာဏာပိုင် များနှင့်ပူးပေါင်း၍ မိမိအစီအစဉ်ဖြင့်သော်လည်းကောင်း၊ နိုင်ငံတကာဖွံ့ဖြိုးမှုအကူအညီ ချေးငွေ ဖြင့်သော်လည်းကောင်း လျှပ်စစ်မီးလင်းရေးကို ဆောင်ရွက်နိုင်ပါတယ်။ ကျေးရွာမီးလင်းရေး ကော်မတီဖွဲ့စည်းပြီး မီးလင်းရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားနိုင်ရေးအတွက် (၂)နှစ် စီမံချက် သို့မဟုတ် (၄)နှစ်စီမံချက်ချ၍ ဆောင်ရွက်ထားနိုင်ပါတယ်။ ပထမနှစ်မှာ တိုင်ထူခြင်း၊ ဒုတိယနှစ်မှာ တန်းများ၊ ကြွေသီးများ တပ်ဆင်ခြင်း၊ ကြိုးများ သွယ်တန်းခြင်း၊ တတိယနှစ်မှာ ဓာတ်အားခွဲရုံငယ်များ တည်ဆောက်ခြင်းနှင့် စတုတ္ထနှစ်မှာ မီးဆက်သွယ်ခြင်းလုပ်ငန်းများဟူ၍ စီမံချက်ချ ဆောင်ရွက်နိုင်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မူဘောင်သတ်မှတ်ချက် များနှင့်အညီ ခွင့်ပြုပေးသွားမှာဖြစ်ပြီး နည်းပညာများကိုလည်း ပံ့ပိုးကူညီပေးသွားမှာ ဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီက ငွေတိုးကြီးဖြင့် ငွေချေးစားမှုကြောင့် အတိဒုက္ခရောက်ကြရသည့် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာများကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း**

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာ ဆိုင်ရာ ကော်မတီက ငွေတိုးကြီးဖြင့် ငွေချေးစားမှုကြောင့် အတိဒုက္ခရောက်ကြရသည့် ပြည်သူ တို့၏ တိုင်ကြားစာနှင့် အသနားခံစာများကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၀။**

**ဦးအောင်ကြည်ညွန့် (ကော်မတီဝင်၊ ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်(၄)က ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ တိုင်ကြားစာနဲ့အသနားခံစာကော်မတီဝင်လည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်၊ ကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီက ငွေတိုးကြီးဖြင့် ငွေချေးစားမှုကြောင့် အတိဒုက□ခရောက် နေကြရတဲ့ ပြည်သူတို့ရဲ့တိုင်ကြားစာနှင့်အသနားခံစာကို အမျိုးသားလွှတ်တော်ကို ဖတ်ကြားတင်ပြ ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီကနေ့ အမှု(၅)ခုကို ရွေးချယ်ဖတ်ကြား တင်ပြမှာ ဖြစ်ပါတယ်။

ဒီလိုရွေးချယ်ဖတ်ကြား တင်ပြတဲ့ရည်ရွယ်ချက်က လိုင်စင်မဲ့ ငွေတိုးချေးစားသူများအနေနဲ့ တည်ဆဲဥပဒေနဲ့ဆန့်ကျင်ပြီး အခွင့်အရေးတွေ ရရှိနေပြီးတော့ ငွေချေးယူသူများ အတိဒုက္ခ ရောက်နေကြရမှု၊ တရားရုံးများရဲ့ စံလွဲဆုံးဖြတ်နေမှု၊ အချိန်မီ အကာအကွယ်မပေးနိုင်မှုတို့ရဲ့ အခြေအနေကို ကော်မတီအနေအထားနဲ့ လွှတ်တော်ကို တင်ပြလိုခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီကို ရောက်ရှိလာတဲ့ တိုင်စာနဲ့ အသနားခံစာများမှာ လိုင်စင်မဲ့ ငွေတိုးလုပ်ငန်းလုပ်ကိုင် နေသူများထံက ငွေချေးယူမိသူများရဲ့ ပြဿနာများကို တွေ့ရှိရတဲ့အတွက် ဒီကိစ္စနဲ့စပ်လျဉ်းတဲ့ ဥပဒေအချက်အလက်များသိရှိနိုင်ရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့ အမျိုးသားလွှတ်တော်ဘဏ္ဍာရေးနှင့် ဥပဒေရေးရာ ကော်မရှင်အပါအဝင် ဥပဒေပညာရှင်တို့ထံက အကူအညီများ ရယူပြီးတော့ လေ့လာခဲ့တဲ့ အခါမှာ အောက်ပါအတိုင်း တွေ့ရှိထားရ ပါတယ် -

(၁) က ၁၉၄၅ ခုနှစ်၊ ငွေတိုး ချေးစားသူများအက်ဥပဒေ၊ The Money Lender Act (1945) ဟာ အခုအချိန်အထိ အတည်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ (၂) ဒီဥပဒေအရ တည်ဆဲတခြားဥပဒေတစ်ခုခုမှာ ဘယ်လိုပင် ဖော်ပြထားစေကာမူ ငွေတိုးချေးစားသူသည် ဤဥပဒေအရ မှတ်ပုံတင်ထားခြင်း မရှိလျှင် ချေးငွေရလိုမှု၌ တရားရုံးများက ဒီဂရီချပေးခြင်း မပြုနိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ နောက်တစ်ခုက အပိုဒ်(၃)မှာ အဲဒီလိုအခါမျိုးတွေမှာ တိုက်ရိုက်ဖြစ်စေ၊

သွယ်ဝိုက်၍ဖြစ်စေ နှစ်ထပ်တိုးပေးရန်ဖြစ်တဲ့ စည်းကမ်းချက်များဟာ ပျက်ပြယ်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။

နောက်အပိုဒ်(၄)မှာ မူလက ထုတ်ချေးတဲ့ ငွေအရင်းနဲ့ အတိုးထက်ပိုပြီးတော့ ဒီဂရီ ချမှတ်ပေးခြင်း မပြုနိုင်ဘူးလို့လည်း ပြဋ္ဌာန်းထားပါတယ်။ ဆိုလိုတာက တရားဝင် မှတ်ပုံတင်ရှိတဲ့ သူတွေတောင်မှ တရားရုံးများက မူလချေးယူတဲ့ငွေနဲ့ သတ်မှတ်ထားတဲ့ စည်းကမ်းချက်နဲ့ညီတဲ့ အတိုးအပြင် တခြားနောက်ထပ် ဒီဂရီ ချပေးခွင့်မရှိကြောင်း ကန့်သတ်ထားတာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ပေးပြီးတဲ့အတိုးနှင့် မပေးရသေးတဲ့ အတိုးတွေ ပေါင်းလိုက်မယ်ဆိုရင် မူလအရင်းထက် မပိုရဘူးလို့လည်း ပြဋ္ဌာန်းထားပါတယ်။

နောက်တစ်ချက် အရေးကြီးဆုံးကတော့ ကွက်လပ်များ သို့မဟုတ် မှားယွင်းတဲ့ ရေးသားချက်များ ပါရှိတဲ့ စာရွက်စာတမ်း ခံဝန်ချုပ်၊ အာမခံစာချုပ်၊ ကတိစာချုပ် စသည်တို့ကို မြီရှင်က ငွေချေးပေးတဲ့သူက မြီစား သို့မဟုတ် မြီစားဖြစ်ရန် ကြံရွယ်သူထံမှ ယူမထားရကြောင်းနဲ့ အဲဒီစာတမ်းအမှတ်အသားများဟာ ပျက်ပြယ်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားကြောင်း ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါပေမယ့်လို့ အခု ကျွန်တော်တို့ တွေ့ရှိနေရတဲ့ အခြေအနေမှန်ကို နှိုင်းယှဉ်သုံးသပ်နိုင်ဖို့ရန်အတွက် ကျွန်တော် တိုင်ကြားစာ(၅)စောင်ကို ဆက်လက်ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဆုံး တိုင်ကြားစာကတော့ ဦးကြည်ဝင်း၊ မှတ်ပုံတင်နံပါတ် ပါပါတယ်။ အောင်ရတနာ လမ်း၊ အမှတ်(၃)ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက တင်ပြထားတဲ့ တိုင်စာ ကျွန်တော် ဦးစွာဖတ်ပြပါမယ်။ တိုင်စာမှာ အကြောင်းအရာက ငွေတိုးချေးစားသူ၊ လိုင်စင်မရှိပါဘဲ အတိုးကြီးစွာဖြင့် မရှိဆင်းရဲသား လက်လုပ်လက်စားများအပေါ် ဟန်ဆောင်စာချုပ်များဖြင့် ကိုလိုနီစရိုက်ဆိုးကို ကျင့်သုံး၍ ဥပဒေအား အလွဲသုံးစား ပြုလုပ်နေသူနှင့် မဆင်မခြင် အမိန့်ချမှတ်သည့် တရားသူကြီးများအား ထိရောက်စွာ အရေးယူပေးပါရန် တိုင်ကြားခြင်းလို့ ဖော်ပြထားပါတယ်။

တိုင်ကြားချက်များကတော့ ခရမ်းမြို့နယ်၊အမှတ်(၃)ရပ်ကွက်၊ ရုပ်ရှင်ရုံလမ်း အိမ်အမှတ်(၁၂၆/B) မှာ နေထိုင်တဲ့ ဦးအုန်းရွှေ ရဲ့ ဇနီး ဒေါ်ချိုချို ထံက ၂၀၀၅ ခုနှစ်မှာ ငွေ(၂)သိန်းအား နေ့ပြန်တိုးတစ်နေ့လျှင် တစ်ထောင်နှုန်းဖြင့် ပြောင်စာရွက်ပေါ်မှာ လက်မှတ် ထိုး၊ လက်ဗွေနှိပ်ပြီး ချေးယူခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာ အတိုးများ ပေးရာမှာ များပြားလှပါ၍ အတိုးရပ်ဆိုင်းရန်

ပြောရာ ၎င်းမှ တစ်လလျှင် (၂)သောင်းပေးပါရန် တောင်းသဖြင့် (၅)လပေးခဲ့ရာ ၎င်းနောက်ပိုင်း၌ နာဂစ်မုန်တိုင်း တိုက်၍ အတိုး လုံးဝမပေးဆပ်နိုင်ဘဲ ဖြစ်ခဲ့ပါတယ်။

ကျွန်တော့်အိမ်လည်း ပျက်စီးသွားပါ၍ အိမ်ပြန်၍ ပြုပြင်စဉ် ၎င်းမှ ရပ်ကွက်ရုံးတွင် အတိုးပေးရန် ဒေါ်ချိုချို မှ တောင်းဆိုပါသည်။ သို့ပါ၍ အတိုးမပေးနိုင်တော့ကြောင်း အရင်း (၂)သိန်းနှင့် အတိုး(၁)သိန်း ပေါင်း(၃)သိန်း ပေးပါမည်ဟုဆိုရာ ၎င်းမှ ဟန်ဆောင်စာချုပ် ချုပ်ပေးပါက (၆)လခန့် စောင့်ဆိုင်းပေးမည်ဟုပြော၍ ၎င်းတို့ ပြောသည့်အတိုင်း ဟန်ဆောင်စာချုပ်ပေါ်၌ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၎င်းကို အကြောင်းပြု၍ ငွေ(၂)သိန်းအား ငွေကြေးအဆမတန် မြှင့်တင်ပြီး သိန်း(၂၀)ဟု ပြုလုပ်ချုပ်ဆိုခဲ့ပါတယ်။ မည်သို့ပင် စွဲဆိုသော်လည်း ခရမ်းမြို့နယ်၊ တရားရုံးတော်မှ ၎င်းတို့အားလည်းကောင်း၊ တရားလို တရားပြိုင်နှင့် နှစ်ဖက်သက်သေများအား တိကျမှန်ကန်စွာ စစ်ဆေးရာတွင် အမှုမှန်ပေါ်ပေါက်၍ ခရမ်းမြို့နယ်တရားရုံးတော်မှ စရိတ်နှင့် တကွ အပြီးပလပ်လိုက်ပါတယ်။

ဤသို့ အကျုံးမဝင်သော ဟန်ဆောင်စာချုပ်အား အကြောင်းပြု၍ ၂၀၁၁ ခုနှစ်၊ ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံးတော် တရားမကြီးအမှုအမှတ်(၁၆)ဖြင့် ရန်ကုန်တောင်ပိုင်း ခရိုင် တရားရုံးမှာ တရားသူကြီး ဒေါ်သန်းသန်းတင့် မှ ငွေများ တရားနိုင် ဆိုသလိုကျင့်သုံး၍ ဘက်လိုက် ဆုံးဖြတ်ပေးခြင်းကြောင့် မရှိဆင်းရဲနွမ်းပါးသော လက်လုပ်လက်စား ကျွန်တော့်မှာ တရားရှုံးဖြစ်၍ ၎င်းသိန်း(၂၀)ကျပ်အား ပေးဆပ်စေဟု အမိန့်ချမှတ်လိုက်ခြင်းမှာ အလွန်တရာမှ နစ်နာလှပါ၍ တရားရုံးချုပ်မှ တရားသူကြီးမင်းများအား အားကိုးကြီးစွာဖြင့် မမှန်မကန် လုပ်ရပ်အား မှန်ကန်တိကျစွာ အမှုမှန်ပေါ်ပေါက်ရေးအတွက် အရေးယူဆောင်ရွက်ပေးပါရန်နှင့် ယခုအခါတွင် ခရမ်းမြို့နယ် တရားသူကြီး ဦးခင်ဝင်းထံတွင် ဇာရီမှု ဖွင့်လှစ်ထားပါ၍ တရားသူကြီး ဦးခင်ဝင်း မှ ပေးဆပ်ရမည့်အကြောင်း အမိန့်ချမှတ်ပါတယ်။

၎င်း ဦးအုန်းရွှေ နှင့် ဒေါ်ချိုချို တို့အားလည်း သက်ဆိုင်ရာ လူကြီးမင်းများ၏ ညွှန်ကြားချက်နဲ့ ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှလည်း လိုင်စင်မရှိဘဲ ငွေတိုးပေးစားမှု၊ အိမ်ခြံမြေ မတရားသိမ်းယူမှုကြောင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ အမှုအမှတ် (၄၀၈/၂၀၁၁)ဖြင့် တရားစွဲဆိုထားသည်ဖြစ်ပါ၍ ထိရောက်စွာ အရေးယူဆောင်ရွက်ပေးပါရန် ရိုသေလေးစားစွာ အသနားခံစာ တင်ပြလျှောက်ထားအပ်ပါတယ်လို့ တိုင်ကြားထားပါတယ်။ ဒီလို တိုင်ကြားတဲ့ အခြေအနေမျိုးမှာ ဒီအမှုကို အနိုင်ပေးထားတဲ့အတွက် ဇာရီမှုနဲ့ ပစ္စည်းတွေ သိမ်းတော့မယ့် အခြေအနေမျိုးဖြစ်ကြောင်း တင်ပြထားပါတယ်။

ဒီတိုင်စာအပေါ်မှာ ပြည်သူတို့ရဲ့ တိုင်ကြားစာနဲ့ အသနားခံစာဆိုင်ရာကော်မတီရဲ့ တွေ့ရှိချက်ကတော့ အကျုံးမဝင်တဲ့ ဟန်ဆောင်စာချုပ်အား အကြောင်းပြု၍ ငွေများ တရားနိုင် ဆိုသလို ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးမှာ တရားသူကြီး ဒေါ်သန်းသန်းတင့် မှ ဘက်လိုက် ဆုံးဖြတ်ပေးခြင်းကြောင့် မရှိဆင်းရဲသား လက်လုပ်လက်စားတရားရှုံးအား ကျပ်သိန်း(၂၀)ပေးစေဟု အမိန့်ချမှတ်လိုက်ကြောင်း စိစစ်တွေ့ရှိရပါသည်။ သက်ဆိုင်ရာ လူကြီးမင်းများ၏ ညွှန်ကြားချက်နှင့် လိုင်စင်မရှိဘဲ ငွေတိုးပေးစားမှု၊ အိမ်ခြံမြေ မတရားသိမ်းမှုကြောင့် ဦးအုန်းရွှေ နှင့် ဇနီး ဒေါ်ချိုချို တို့အား ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ အမှုအမှတ်(၄၀၈/၂၀၁၁)ဖြင့် တရားစွဲဆိုထားပါကြောင်း စိစစ်တွေ့ရှိရ ပါတယ်။

ကော်မရှင်ရဲ့ အကြံပြုတင်ပြချက်မှာ အမှုမှန်ပေါ်ပေါက်ရေးအတွက် ဥပဒေ လုပ်ထုံး နည်းလမ်းနှင့်အညီ စိစစ်ဖော်ထုတ်နိုင်ရန် အမှုတွဲအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် အမှုတွဲအား ပူးတွဲပေးပို့အပ်ပါသည်။ ဖြေရှင်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ လိပ်မူ၍ ဤကော်မတီ သို့ မိတ္တူပေးပို့ ပြန်ကြားပေးပါရန် ညှိနှိုင်းအပ်ပါသည်ဆိုပြီးတော့ စာအမှတ်၊ ၂/အမ(ကော်မတီ-၂) ၆/၂၀၁၂ (၃၇၉)၊ ရက်စွဲ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့က ကျွန်တော်တို့ ပြည်ထောင်စု အစိုးရအဖွဲ့ကို တင်ပြပေးထားခဲ့ပါတယ်။ ဒီကနေ့ အချိန်အထိ အကြောင်းပြန်ကြားချက် မရသေး ပါဘူးခင်ဗျား။

နောက် ဒုတိယအမှုကို တင်ပြပါမယ်။ အဲဒါကတော့ ကျွန်တော်တို့ ဦးသောင်းလှိုင် ၃၂/ခ၊ ပဲခူးလမ်း၊ (၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရဲ့ ၄-၂-၂၀၁၂ ရက်စွဲပါ တင်ပြစာ ဖြစ်ပါတယ်။ တင်ပြစာရဲ့ အကြောင်းအရာကတော့ ခရီးသွားလုပ်ငန်းနှင့် မှတ်ပုံတင်ထားပြီး ခွင့်ပြုချက်လိုင်စင်မရှိဘဲ ငွေတိုးချေးစား အပေါင်ခံမှုများအပေါ် အခြေခံပြီး အကြောင်းခြင်းရာတစ်ခုတည်းအပေါ် အမှုအမျိုးမျိုးပြောင်းလဲလိမ်လည်စွဲဆိုခြင်းအား အကူအညီ တောင်းခံခြင်းလို့ ဖော်ပြထားပါတယ်။

တိုင်ကြားချက်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၁)ရပ်ကွက်၊ ပဲခူးလမ်း၊ အိမ်အမှတ်၊ ၃၂/ခ တွင် နေထိုင်သူ ကျွန်တော် ဦးသောင်းလှိုင်၊ ဒေါ်သိန်းသိန်း၊ ဒေါ်မြမြသိန်း တို့မှ အောက်ပါအတိုင်း အကူအညီတောင်းခံအပ်ပါတယ်။ MTB Tour Company Limited ပိုင်ရှင်မစ္စတာနာကာဟာရာမေဆူရှိမှာ ဂျပန်အမျိုးသားဖြစ်ပြီး ၎င်းကုမ္ပဏီသည် ခရီးသွား လုပ်ငန်းဖြင့် မှတ်ပုံတင်ထားသော်လည်း ၂၀၀၄ ခုနှစ်၊ Managing Director ဦးသန်းနိုင်

လက်ထက်မှစ၍ ခွင့်ပြုချက်လိုင်စင်မရှိဘဲ ငွေအတိုးဖြင့် ချေးငှားခြင်း၊ ကား၊ ရွှေ၊ အိမ်ခြံမြေ စသည်ဖြင့် အပေါင်ခံခြင်းလုပ်ငန်းအား ငွေသိန်းထောင်ချီ၍ စီးပွားဖြစ် လုပ်ကိုင် ခဲ့ပါတယ်။

ထိုသို့ အိမ်ခြံမြေ အပေါင်ခံရာတွင် အရောင်းအဝယ်စာချုပ် အိမ်ရှင်၊ အိမ်ငှား၊ အခမဲ့ ခွင့်ပြုချက်ဖြင့်ထားရှိကြောင်း စာချုပ်၊ စာချုပ်အလွှတ်ပြောင်ပေါ်တွင် လက်မှတ်ရေးထိုးစေခြင်းများ စသည်ဖြင့် ပြုလုပ်ပေးရလေ့ ရှိပါတယ်။ ကုမ္ပဏီမှာ ဝန်ထမ်း(၃)ဦးသာ ရှိပါတယ်။ ၎င်းဝန်ထမ်းများအနက် ယခုလက်ရှိ Managing Director ဒေါ်စပယ်သန်း မှာ ထိုစဥ်က စာရင်းကိုင်ဝန်ထမ်းအဆင့်နဲ့ ၎င်းကုမ္ပဏီမှာ ဝန်ထမ်း Tour Operator အဖြစ် အလုပ်လုပ်ကိုင်သူ (၂)ဦးအား ကုမ္ပဏီသူဌေး ဂျပန်အမျိုးသားက ငွေအတိုးဖြင့် ချေးငှားရှာဖွေစေခဲ့ပါတယ်။ ထိုစဥ်က ယခု Managing Director ဒေါ်စပယ်သန်း မှာ စာရင်းကိုင်ဘဝဖြစ်ပြီး ၎င်း၏ လက်ရေးဖြင့် ရေးသွင်းပြုစုထားသည့် ကုမ္ပဏီ၏ အကြွေးလက်ခံလယ်ဂျာများအား ဤစာနဲ့အတူ ပူးတွဲတင်ပြအပ်ပါတယ်။

ကျွန်တော်သည် ၁၉၉၀ ခုနှစ်ကတည်းက နိုင်ငံတော်မှ နေထိုင်ခွင့်ချမှတ်ထားသော အထက်ဖော်ပြပါ လိပ်စာရှိမြေပေါ်တွင် Permit အမည်ပေါက်ဖြင့် ယခုအချိန်အထိ လက်ရှိထားနေထိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ၃၁-၁၂-၂၀၀၄ တွင် သမီးဖြစ်သူ ဒေါ်မြမြသိန်း ၏ အဆက်အသွယ်ဖြင့် ငွေကျပ်(၂၆)သိန်း အတိုးဖြင့်ချေးယူမှုအပေါ် အိမ်ခြံမြေ၊ စာရွက်စာတမ်းများ ပေးအပ်ကာ ဟန်ဆောင်ရောင်းဝယ်စာချုပ် ချုပ်ဆိုခဲ့ပါသည်။ ထို့နောက်ပိုင်း အတိုးပေါ်အတိုးဖြင့် ဆင့်ပေါင်းခံရကာ ၁၆-၁၁-၂၀၀၇ ရက်တွင် ငွေသိန်း(၇၀)ဖြင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီးနောက် ၎င်းနေ့ရက်၌ပင် အိမ်ရှင်၊ အိမ်ငှား အခမဲ့ခွင့်ပြုချက် စာချုပ်အလွှတ်ပြောင်များပေါ်တွင် ကုမ္ပဏီတွင် ဝန်ထမ်းအဖြစ်လုပ်ကိုင်သော သမီးဖြစ်သူအား အလွဲသုံးစားမှုဖြင့် အရေးယူခြင်း မပြုလုပ်နိုင်ရန် ၎င်းတို့၏ ခြိမ်းခြောက်မှုအရ လက်မှတ်ရေးထိုးခဲ့ရပါတယ်။ ၎င်းတို့က အတိုးပုံမှန်ပေးဆပ်ရန်နှင့် ငွေသိန်း(၇၀)ပေးပြီးလျှင် Permit စာရွက်စာတမ်းများအား ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ပြောဆိုမှုအပေါ် ယုံကြည်၍ လက်မှတ်ရေးထိုးခဲ့ခြင်းသာ ဖြစ်ပါတယ်။

နောက်ပိုင်းမှာ အတိုးလစဥ်ပေးဆပ်နေသော်လည်း နောက်ကျသောလများတွင် ဂျပန်အမျိုးသားနှင့် ဒေါ်စပယ်သန်းတို့မှ လာရောက်၍ အိမ်ပေါ်အထိ တက်ရောက် ရန်ရှာခြင်းမျိုးများ ပြုလုပ်လာခဲ့ပါတယ်။ ၎င်းနောက်ပိုင်းတွင် ၎င်းငွေ အတိုး/အရင်းပေါင်း သိန်း(၇၀)အတွက် ဟန်ဆောင်ချုပ်ဆိုပေးခဲ့ရသော စာချုပ်အား အခြေပြု၍ တရားလိုပိုင်မြေနှင့် အဆောက်အဦပေါ်တွင် ပိုင်ရှင်၏ အခွင့်အမိန့်အရ အခမဲ့နေထိုင်သူ များအား နှင်ထုတ်လိုမှုဖြင့် စွဲဆိုခဲ့ပါတယ်။

၎င်းအမှုတွင် တရားပြိုင်ဘက်မှ တရားပြိုင်များဘက်မှ တရားလိုသည် လိုင်စင်မရှိဘဲ ငွေတိုးချေးစားသည့်လုပ်ငန်း လုပ်ကိုင်သည့် ၎င်းကိုယ်တိုင်ပေးအပ်ထားတဲ့အကြွေးလက်ခံ လယ်ဂျာ (၃၈)မျိုးရဲ့မိတ္တူကို အားကိုးအားထားစာရင်းမှာ တင်သွင်းခဲ့ပါတယ်။ ၎င်းရုံးတော်တွင် စာရွက်(၃၈)မျိုး၏ မူရင်း၊ ၎င်းတရားလိုရဲ့ လက်ဝယ်တွင်ရှိကြောင်း ဝန်ခံပြီးနောက် ၎င်းစာရွက် (၃၈)မျိုးအား ခိုးယူပါသည်ဟု စွပ်စွဲပြီး မိသားစု(၃)ဦးလုံးအား တရားစွဲဆိုခဲ့ပါတယ်။

၎င်းမြို့နယ်တရားရုံးမှ အပြစ်မရှိကြောင်း လွှတ်ခဲ့မှုအပေါ် ကျွန်တော်တို့မိသားစုအား ငွေကြေးမတတ်နိုင်မှန်းသိ၍ ရုံးအဆင့်ဆင့်သို့ တက်ရောက်စွဲဆိုသဖြင့် ကျွန်တော်တို့တွင် များစွာ စိတ်ဒုက္ခ ဖြစ်နေရပါတယ်။ ၎င်းအပြင် ကုမ္ပဏီဟာ ၁၆-၁၁-၂၀၀၇ ရက်စွဲပါ စာချုပ်တစ်ခုတည်း ကိုပင် အခြေပြု၍ ကတိပဋိညာဉ်အတိုင်း အတည်ပြုပေးစေလိုမှုဖြင့် လှိုင်သာယာတွင် တရား ထပ်မံစွဲဆိုပြန်ပါတယ်။ နိုင်ငံခြားသားတစ်ဦးဖြစ်သူ ဂျပန်အမျိုးသားနှင့် ပါကစ္စတန်လူမျိုး သွေးရောသူ ဒေါ်စပယ်သန်း (MD) တို့ ပူးပေါင်းခေါင်းပုံဖြတ်နေသည့် လုပ်ရပ် အား ပူးတွဲပါအထောက်အထားများနှင့်တကွ လူကြီးမင်းများက လိုအပ်သလို ကူညီ ဆောင်ရွက် ပေးပါရန်လေးစားစွာဖြင့် အကူအညီတောင်းခံအပ်ပါတယ်လို့ တိုင်ကြားထားပါတယ်။ ဒီတိုင်စာ အပေါ်မှာ ကျွန်တော်တို့ ကော်မတီရဲ့ စစ်ဆေးတွေ့ရှိချက်အရ MTB ခရီးသွားကုမ္ပဏီဟာ ခရီးသွားလုပ်ငန်းနဲ့မှတ်ပုံတင်ထားပြီးငွေတိုးချေးစားခြင်းကိုခွင့်ပြုချက်လိုင်စင်မရှိဘဲ ဆောင်ရွက် နေကြောင်း တင်ပြချက်အရ သိရှိရပါသည်။

ကော်မတီ၏ အကြံပြုချက်မှာ ကာယကံရှင်ပြည်သူများ မနစ်နာစေရေးအတွက် လုပ်ထုံးလုပ်နည်းဥပဒေနဲ့အညီ ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အမှုတွဲနဲ့ အတူ သိသာပါရန်နှင့် လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် အမှုတွဲအား ပူးတွဲတင်ပြအပ်ပါသည်။ ဖြေရှင်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံလိပ်မူ၍ ဤကော်မတီ သို့ မိတ္တူပေးပို့ပြန်ကြားပေးပါရန် ညှိနှိုင်းအပ်ပါတယ် ဆိုပြီးတော့ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့က ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပေးပို့ခဲ့ပါတယ်။ အခုအထိ အကြောင်း ပြန်ကြားချက် မရသေးပါဘူးခင်ဗျား။

တတိယအမှု ကျွန်တော် ဆက်ဖတ်ပါမယ်။ ဒီအမှုကတော့ ဒေါ်မြမြသန်း ရဲ့ ၂၃-၁-၂၀၁၂ ရက်စွဲပါ တင်ပြစာဖြစ်ပါတယ်။ သူ့ရဲ့ တင်ပြစာကတော့ ကျပ်ငွေ(၅)သိန်း အတိုးဖြင့် ချေးငှားခဲ့ရာ မှ မသမာသောနည်းလမ်းဖြင့် အိမ်အရောင်းအဝယ်စာချုပ်ဖြစ်သွားပြီး ငွေကျပ်သိန်း(၃၀၀)

ရလိုမှုစွဲဆို၍ စာချုပ်အတုကို အခြေခံကာ မတရားအမိန့်ချမှတ်မှုမှ ကာကွယ်ရလိုပါ၏ ဆိုတဲ့ အကြောင်းပြချက်နဲ့ တိုင်ထားပါတယ်။

တိုင်စာပါအချက်များကတော့ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ မွန်ပြည်နယ်၊ သထုံမြို့၊ အောက်ချင်းရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်(၂၅၁)နေသူ ဒေါ်မြမြသန်း မှ နိုင်ငံတော်၏ တရားရေးမဏ္ဍိုင် တည့်မတ်ထိန်းသိမ်းရသော တရားရုံးများ၏ အဂတိကင်းရှင်းပြီး တရားမျှတမှု သာ/နာ ညီမျှမှု စိတ်ကောင်းစေတနာ ထားရှိမှုစသော လောကပါလ တရားများကို ဦးထိပ်ထား၍ ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို ရရှိစေသည့် ဥပဒေနှင့်အညီ တရားစီရင်ရေး ဖြစ်ထွန်းစေရေးအတွက် ဆောင်ရွက်နေသည့် နိုင်ငံတော်၏ ကောင်းမြတ်သော စေတနာကို ခံယူအားကိုးကြီးစွာဖြင့် ဥပဒေရှေ့မှောက် မတရားမှုမှ အကာအကွယ်ရရှိစေခြင်း အလို့ငှာ အမှုတွဲများကို ခေါ်ယူတော်မူပါလျက် စီရင်ပေးပါရန် လျှောက်ထားအပ်ပါတယ်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကွန်မသည် ဦးအောင်ထွန်းဦး နှင့် ဒေါ်နေခြည်ဦးမြင့် တို့ထံမှ ၂-၉-၂၀၀၆ နေ့တွင် ငွေ(၅)သိန်းကျပ်ကို တစ်လလျှင် (၁၂)ရာခိုင်နှုန်း အတိုးဖြင့် ချေးယူခဲ့ပြီး တစ်လအတွက် ငွေကျပ်(၅)သိန်း (၆)သောင်းတိတိဖြင့် အိမ်မြေအရောင်းအဝယ် စာချုပ်တစ်ခုကိုလည်းကောင်း၊ စာချုပ်တံဆိပ်ခေါင်း အလွတ်ပေါ်တွင်လည်းကောင်း (၂)နေရာ လက်မှတ်ရေးထိုး လက်ဗွေနှိပ်ခဲ့ရာမှ မသမာသောနည်းလမ်းဖြင့် အိမ်အရောင်းအဝယ်စာချုပ် ဖြစ်သွားပြီး ငွေကျပ်သိန်း(၃၀၀)ရလိုမှု စွဲဆိုပေါ်ပေါက်လာသောအမှု ဖြစ်ပါတယ်။ မူလစာချုပ်က မူလချေးထားတဲ့ငွေ(၅)သိန်းအနက် တစ်လအတွက် ဆယ့်နှစ်ငါးလီ (၆)သောင်း၊ ကျပ်(၅)သိန်း (၆)သောင်းနဲ့ အိမ်အရောင်းအဝယ်စာချုပ်ရယ်၊ အလွတ်ရယ် ချုပ်ထားတာ ဖြစ်ပါတယ်။

အဆိုပါအမှုအား မွန်ပြည်နယ် တရားရုံးတော်မှ အမှုကို ကြားနာစစ်ဆေးပြီးနောက် ၁၂-၁၀-၂၀၀၉ ရက်နေ့တွင် စရိတ်နှင့်တကွ ပလပ်ခဲ့ပြီး ရန်ကုန်မြို့၊ တရားမ၊ ပထမအယူခံမှုအမှတ်၊ ၃၅၄/၂၀၀၉ ဖြင့် အယူခံမှု တင်သွင်းပြီး ကွန်မရှေ့နေရဲ့ ပျက်ကွက်မှုကြောင့် တစ်ဖက်သတ် မွန်ပြည်နယ်တရားရုံးရဲ့ စီရင်ချက်နဲ့ ဒီဂရီကို ပယ်ဖျက်ကာ မသမာပြုလုပ်ထားသော အောက်ခြေ စာချုပ်ဖြင့် ငွေ(၅)သိန်း ချေးငှားပေးသူ ဒေါ်နေခြည်ဦးမြင့် ၏ ယောက္ခမ ဦးအောင်ထွန်းဦး ၏ (မိခင်)ဒေါ်မသန်း အမည်ဖြင့် ပြောင်းလဲစာချုပ်အတု ပြုလုပ်ထားတဲ့ သိန်း(၁၅၀)ကျပ်နှင့် ချုပ်ဆို၍ နှစ်ဆဖြစ်သော ငွေကျပ်သိန်း(၃၀၀)ပေးလျော်စေရန် စရိတ်နှင့်တကွ အနိုင်ဒီဂရီကို ၇-၄-၂၀၁၀ နေ့မှာ ချမှတ်ခဲ့ပြန်ပါတယ်။

ဖော်ပြပါတရားရုံးချုပ်မှ အိမ်မြေအရောင်းအဝယ် အောက်ခြေစာချုပ်အလွတ်မှာ လက်ဗွေနှိပ်ပေးရခြင်း၊ လက်မှတ်ရေးထိုးပေးရခြင်းအပေါ် နောက်မှ မိမိစိတ်ကြိုက် လိုအပ်သလို စာတမ်းများကို Computer ဖြင့် ဝင်ဆံ့အောင် Point အသေးဖြင့် ရိုက်နှိပ်ပြီး ကျွန်မ ဒေါ်မြမြသန်း မှင်ဖြင့် ရေးသားလက်မှတ်ထိုးထားတဲ့ နာမည်၊ မှတ်ပုံတင်အမှတ်နဲ့ လက်ဗွေပုံစံတို့ အကြား ရောက်ရှိနေတာကို ကြည့်ရှုသုံးသပ်ခြင်းအားဖြင့် နောက်မှ ပြုလုပ်ခဲ့တဲ့ မသမာတဲ့ နည်းလမ်းဖြင့် ပြုလုပ်ခဲ့သည်မှာ ထင်ရှားနေသည့်အချက်ကို မျက်ကွယ်ပြု၍ ဆုံးဖြတ်ချက်မှာ ကျွန်မအတွက် အမှန်တရားအတွက် များစွာ နစ်နာလှပါတယ်။

အမှုများကို သုံးသပ်ကြည့်မယ်ဆိုရင် ဖော်ပြပါစာချုပ်အလွတ်တွင် လက်ဗွေ၊ လက်မှတ် ဤပုံရေးသားထားသည်ဆိုလျှင် ရေးသားထားသည်မှာ မှန်ကန်ကြောင်းဖြေဆိုချက်ကို ကွက်၍ ကျွန်မအပေါ် ပဋိညာဉ်ပြုလုပ်သည်မှာ မှန်သည်ဟု သုံးသပ်ချက်သည် သက်သေခံချက်နှင့် ဆန့်ကျင်၍ အရေးယူလောက်သည့် ပြဿနာပေါ်နေပါတယ်။ ကျွန်မ၏ခင်ပွန်း ကွယ်လွန်သွား၍ အချင်းဖြစ်မြေကို ရောင်းချပိုင်ခွင့်ရှိသည်ဟု သုံးသပ်သည့်စာချုပ်တွင် ရေးသားဖော်ပြထားသော မြေကွက်သည် မြေစာရင်းတွင် အမှန်တကယ်ရှိသည့် မြေကွက်လည်း မဟုတ်ပါ။ မြေစာရင်း၏ တွက်ချက်အရလည်း ဆန့်ကျင်နေ၍ အရေးယူလောက်သည့် ပြဿနာလည်း ဖြစ်ပါသည်။ လွယ်ကူစွာသိနိုင်ခြင်းနှင့် နားလည်တတ်ကျွမ်းသည့် ရှေ့နေပါဝင်နေပါလျက် ငွေကြေးပေးချေပြီး ဝယ်ယူသည့် အိမ်မြေကို လက်ရောက်မရခဲ့ခြင်း ၁-၈-၂၀၀၈ ရက်နေ့ ချုပ်ဆိုပြီး ၁၅-၈-၂၀၀၈ နေ့တွင် မှတ်ပုံတင်စာချုပ်ဖြင့် လက်ရောက်ပေးရခြင်း မပြုနိုင်ပါက လက်ခံရယူထားသော ငွေ၏နှစ်ဆ ကျပ်သိန်း(၃၀၀)တိတိပေးလျော်ရန် ချုပ်ဆိုချက်ကို ကြည့်ခြင်း အားဖြင့် အမှန်တကယ် ချုပ်ဆိုသည့် စာချုပ်မဟုတ်ကြောင်း နောက်မှ မသမာသောနည်းလမ်းကို အသုံးပြု၍ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း အရေးယူလောက်တဲ့ ပြဿနာပေါ်ပေါက်နေပါတယ်။

မသမာသောနည်းလမ်းဖြင့် ချုပ်ဆိုခဲ့သော စာချုပ်ဖြစ်ကြောင်း ထင်ရှားပြီး ဥပဒေနှင့် အညီ မူလကပင် ပျက်ပြယ်နေသော စာချုပ်ကို မည်သည့်သက်သာခွင့်မှပေးရန် မလိုအပ်ပါ၍ ပဋိညာဉ်အက်ဥပဒေ(၇၄)အရ ချိုးဖောက်ပြီး လျော်ကြေးရနိုင်သည်ဟု သုံးသပ်ခြင်းသည် ဥပဒေ အရ၊ အကြောင်းချင်းရာအရ မှားယွင်းနေပါ၍ အရေးယူလောက်သည့် ပြဿနာ ပေါ်ပေါက်နေ ပါသည်။

ဖော်ပြပါ စာချုပ်အတုတွင် ပါဝင်သော သက်သေ ဦးကြည်မြင့် သည် ရှေ့နေ ဦးခင်မြင့် ၏ တပည့်ဖြစ်၍ လက်မှတ်ရေးထိုးပြီး ငွေယူသွားကြောင်း၊ တစ်ဦးတည်း၏ ထွက်ဆိုချက်အပေါ်

ကောက်ယူသုံးသပ်ချက်သည် ကျွန်မ၏ သက်သေထွက်ချက်များအရ ချေဖျက်နိုင်ပြီး ပေါ်လွင်ထင်ရှားနေသည့်အတွက် သုံးသပ်ခြင်းမပြု၍ အရေးယူလောက်သည့် ပြဿနာပေါ်နေပြီး အကြောင်းခြင်းရာရဲ့ စာချုပ်ပါ ပစ္စည်း၊ မြေ၊ အိမ်မှာ အမှန်တကယ်ရှိသည့် မြေအိမ် မဟုတ်ပါ။ ကျွန်မသည် ရောင်းချပိုင်ခွင့်ရှိသည့် အိမ် မဟုတ်ပါ။ စာချုပ်အတုအဖြစ် စည်းကမ်းသတ်မှတ်ချက်သည် ပြစ်ဒဏ်သဘော သက်ရောက်နေပါသည်။

ဖော်ပြပါ ဦးအောင်ထွန်းဦး နှင့် ဒေါ်နေခြည်ဦးမြင့် တို့သည် ဤငွေတိုးချေးစားခြင်းဖြင့် မသမာသောနည်းလမ်းများဖြင့် အသုံးပြုကာ ပွဲစားလုပ်ပြီး အမည်အမျိုးမျိုးဖြင့် ဆောင်ရွက်ထားသည့် အမှုများမှာ သထုံတရားရုံးတွင် (၁) တရားမကြီးအမှုအမှတ်၊ ၁၁/၀ရ ဖြင့် ဦးအောင်ထွန်းဦး နှင့် နန်းအိအိမြတ်သိန်း၊ စရန်ငွေလျော်ကြေး(၂၅)သိန်း၊ (၂) တရားမကြီးအမှုအမှတ်၊ ၁၄/၂၀၀၇ နေခြည်ဦးမြင့် နှင့် ဒေါ်လှတင် (၁၅)သိန်းပြန်ရလိုမှု၊ (၃) တရားမကြီးအမှုအမှတ်၊ ၁၈/၂၀၀၇၊ ဦးအောင်ထွန်းဦး နှင့် နန်းအိအိမြတ်(၁၀)သိန်း ပြန်ရလိုမှု၊ (၄) တရားမကြီးအမှုအမှတ်၊ ၄၉/၂၀၀၇၊ ဦးအောင်ထွန်းဦး နှင့် ဒေါ်မြစိန် အမှု၊ (၅) ရွှေချောင်း(၂)လမ်း၊ အမှတ်(၆၉၂)၊ ဒေါ်နော်ဒါသိန်း စသည်ဖြင့် ရှေ့နေကြီး ဦးကြည်မြင့် ၏ သမီးအရှိန်အဝါအဖြစ် မရိုးမဖြောင့်သော နည်းလမ်းများဖြင့် ရိုးသားသူများ ခံစားနေရကြောင်း ကိုးကားဖော်ပြပါသည်။

ကျန်အမှုအများအပြားလည်း ဤကဲ့သို့ နာမည်ပျက်နှင့် ရုံးတိုင်းတွင် နာမည်ထွက်နေကြောင်း သိရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်မ၏ အယူခံအားလည်း ၂၀-၁၂-၂၀၁၁ ရက်နေ့ ပြည်နယ်တရားလွှတ်တော်တွင် ပလပ်လိုက်ပါ၍ အမှန်တရားအတွက် အမှုတွဲများကို ခေါ်ယူတော်မူပါလျက် ဥပဒေရှေ့မှောက် မတရားမှုမှ ကာကွယ်မှုရရှိစေခြင်း အလို့ငှာ အမှန်တရားကို စီစဉ်ပေးပါရန် အားကိုးကြီးစွာဖြင့် လျှောက်ထားအသနားခံ တင်ပြအပ်ပါသည်လို့ တိုင်ကြားထားတာ ဖြစ်ပါတယ်။

ဒီတိုင်စာအပေါ်မှာ ကျွန်တော်တို့ကော်မတီရဲ့ စိစစ်တွေ့ရှိချက်ကတော့ မွန်ပြည်နယ်တရားရုံးမှ ပလပ်၍ တင်ပြသူကို အနိုင်ပေးထားသော အမှုကို ရန်ကုန်တရားရုံးချုပ်တွင် အမှုတွဲပြန်ပြင်ဆင်ခြင်း၊ စာချုပ်အတု ပြုလုပ်ခြင်းတို့ဖြင့် ပြန်တရားစွဲဆိုခဲ့ရာ ရှုံးနိမ့်သောကြောင့် အမှန်တရားကို စီရင်ပေးပါရန် တင်ပြထားကြောင်း တွေ့ရပါသည်။ ကော်မတီ၏ အကြံပြုတင်ပြချက်မှာ တင်ပြသူ၏ နစ်နာမှုကို အမှန်တရားအတိုင်း ပေါ်ပေါက်စေရေးအတွက် စစ်ဆေး

ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အမှုတွဲနှင့်အတူ ပေးပို့သွားမည်ဖြစ်ကြောင်း သိသာပါရန်နှင့် လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် အမှုတွဲအား ပူးတွဲတင်ပြအပ်ပါသည် ဆိုပြီးတော့ ကော်မတီက ၂၀၁၂ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော် ဆိုပြီး ကျွန်တော်တို့ တင်ပြခဲ့ပါတယ်။ အကြောင်းပြန်ကြားစာ မရသေးပါဘူး။

စတုတ္ထအမှုဖြစ်ပါတယ်။ ဒါကတော့ဦးမြင့်ဇော်နဲ့ဇနီးဒေါ်စန္ဒာ(ခ)ဒေါ်စုစုလွင်၊အကွက် (၃၁၆)၊ ဒေးဝန်းအနောက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရဲ့ ၂၅-၁-၂၀၁၂ ရက်စွဲပါ အသနားခံတင်ပြစာ ဖြစ်ပါတယ်။ တင်ပြစာရဲ့ မူရင်းအကြောင်းအရာမှာ နိုင်ငံတော် တရားရေးမဏ္ဍိုင်ကို ထိပါးပြီး နိုင်ငံတော်ဝန်ထမ်းများကို ကိုယ်ကျိုးအတွက် လှည့်စား အသုံးချကာ ဥပဒေကို စနစ်တကျ ချိုးဖောက်၍ အပြစ်ကျူးလွန်နေသူ ဦးအောင်ခိုင်မျိုး နဲ့ ဇနီး ဒေါ်စန္ဒာဝင်း၊ ညီမ ဒေါ်သန္တာအောင် နှင့် ရှေ့နေ ဦးကျော်သိန်းထွန်း နှင့်အဖွဲ့ မန္တလေးအား နိုင်ငံတော်မှ အရေးယူမှု ပြုလုပ်ပေးပါရန် တင်ပြခြင်းလို့ တိုင်ကြားထားပါတယ်။

ဖော်ပြချက်များကတော့ ယခုခေတ် တရားလို ငွေတိုးချေးစားသူ၏ စာချုပ်အလွတ် ပေါ်တွင် လက်ဗွေနှိပ်ခြင်း၊ လက်မှတ်ထိုး၍ ငွေချေးယူမိသူများသည် ကိုလိုနီခေတ် ချစ်တီးများ၏ စာချုပ်ပေါ်တွင် လက်ဗွေနှိပ်၍ဖြစ်စေ၊ ငွေချေးယူမိသူများနှင့် တူနေပြီလား၊ ချစ်တီးများကို နယ်ချဲ့အစိုးရ၏ စစ်ပလိပ်များက ကျောထောက်နောက်ခံ ပြုသည်၊ ယနေ့ခေတ်တွင် တရားလို ငွေတိုးချေးစားသူကို မည်သူတွေက ကျောထောက်နောက်ခံ ပေးနေပါသလဲ၊ ပညာတတ်များ စနစ်တကျ အကွက်ချပြီး ပြစ်မှုကျူးလွန်လျှင် အမှန်တရား မပေါ်နိုင်ဆိုသည့် စကားမှန်နေပြီလား၊ ငွေတိုးချေးစားသူ ဦးအောင်ခိုင်မျိုး နှင့် ဇနီး ဒေါ်စန္ဒာဝင်း တို့ထံမှ ငွေချေးစဥ် စာချုပ်အလွတ် ပေါ်တွင် ဦးမြင့်ဇော် နှင့် ဇနီး ဒေါ်စန္ဒာဝင်း(ခ)ဒေါ်စုစုလွင် တို့မှ လက်ဗွေနှိပ်ပေးထားသည်ကို ဒေါ်စန္ဒာဝင်းမှ အခွင့်အရေးယူကာ နောက်မှ စိတ်ကြိုက်စာသားများဖြင့် သက်သေလက်မှတ်များ ဖြည့်စွက်ရေးသား၍ မန္တလေးခရိုင်တရားရုံးတော်မှ တရားမကြီးအမှုအမှတ်၊ ၃၁/၂၀၀၈ ဖြင့် တရားစွဲဆိုခဲ့ခြင်း ဖြစ်ပါသည်။

ဒေါ်စန္ဒာဝင်း မှာ နို့တစ်စာ ပေးပို့သော စာသားများနှင့် တရားရုံးသို့ စွဲဆိုသော စာချုပ်ပါ စာသားများသည် တစ်ထပ်တည်းရှိနေခြင်းနှင့် စာသားများမှာ သာမန်အရပ်သားများ

ရေးသားနိုင်သောစာသားများ မဟုတ်ခြင်းကို ကြည့်၍ ဥပဒေပညာရှင်များ ရေးသားထားသော စာသားများ ဖြစ်သည်ကို မြင်သာနိုင်ပါသည်။ စာချုပ်တွင် ခင်ပွန်းဖြစ်သူ ဦးအောင်ခိုင်မျိုး နှင့် ညီမဖြစ်သူ ဒေါ်သန္တာအောင် တို့က သက်သေပြု ရေးသားထားခြင်းဖြင့် တရားစွဲဆိုခြင်း ဖြစ်ပါသည်။ ယင်းတရားမကြီးအမှု၊ ၃၁/၂၀၀၈ ဖြင့် စွဲဆိုခြင်းအပေါ် ကျွန်တော်/ကျွန်မတို့မှ တရားမကြီးအမှုအမှတ်၊ ၃၆/၂၀၀၈ ဖြင့် စာချုပ်ဖျက်သိမ်းပေးရန် ပြန်လည်စွဲဆိုသော အမှုကို မန္တလေးခရိုင်တရားရုံးတော်မှ တစ်ဖက်သတ် အနိုင်ပေးဆုံးဖြတ်ခဲ့ပါတယ်။ ယင်းဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိသဖြင့် မန္တလေးတိုင်းဒေသကြီး တရားရုံးတော်သို့ ပြင်ဆင်ချမှတ်ပေးရန် တရားမကြီးအမှုအမှတ်၊ ၁၇၆/၂၀၁၁ နှင့် ၁၇၇/၂၀၁၁ ဖြင့် လျှောက်ထားနေချိန် ဖြစ်ပါသော်လည်း ချမ်းအေးသာဇံတရားရုံးတွင် ဇာရီမှုအမှတ်၊ ၄၀/၂၀၁၁ ဖြင့် ပစ္စည်းများသိမ်း၍ လေလံတင်ရောင်းချရန် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်လာပါသည်။

ယင်းသို့မတရားလုပ်ဆောင်လာသော တရားလို ဒေါ်စန္ဒာဝင်း၊ ခင်ပွန်း ဦးအောင်ခိုင်မျိုး (သက်သေ)၊ ဒေါ်သန္တာအောင်(သက်သေ) နှင့် ရှေ့နေ ဦးကျော်သိန်းထွန်း နှင့် အဖွဲ့များတို့ ပူးပေါင်းကြံစည်၍ အပြစ်ကျူးလွန်နေမှုတို့ကို စိစစ်၍ ထိရောက်စွာ အချိန်မီအရေးယူပေးပါရန် တင်ပြလျှောက်ထားအပ်ပါသည်။

ယခုလို ကျွန်တော်/ကျွန်မတို့၏ နိုင်ငံသားများ ရပိုင်ခွင့်နှင့် အခွင့်အရေးများ ဆုံးရှုံးနေမှုနှင့် လူ့အခွင့်အရေးများ ဆုံးရှုံးနေရ၍ မိသားစုဘဝ ပျက်စေနိုင်ခြင်းဖြစ်၍ အသနားခံ တင်ပြလျှောက်ထားအပ်ပါသည်။ ဒီလိုတင်ပြထားပါတယ်။ ဒီတင်ပြတဲ့ တိုင်ကြားစာအပေါ်မှာ ကျွန်တော်တို့ ဒီကော်မတီရဲ့ အကြံပြုတင်ပြချက်ကတော့ ကာယကံရှင် မနစ်နာစေရေး ဥပဒေနှင့်အညီ ဒီဖြေရှင်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အမှုတွဲနှင့်အတူ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း သိသာပါရန်နှင့် လိုအပ်သလိုဆောင်ရွက်ပေးနိုင်ပါရန် အမှုတွဲအား ပူးတွဲတင်ပြအပ်ပါသည် ဆိုပြီးတော့ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်ကို ကျွန်တော်တို့ ပေးပို့ခဲ့ပါတယ်။ ပြန်ကြားစာ မရသေးပါဘူးခင်ဗျား။

အခု နောက်ဆုံးအမှု ဖြစ်ပါတယ်။ ဒီနောက်ဆုံးအမှုကတော့ ဆွမ်းခံရင်း ငှက်သင့်တဲ့ အမှု ဖြစ်ပါတယ်။ သွယ်ဝိုက်ပြီးတော့တစ်ဆင့် ပတ်သက်သွားတဲ့အမှု ဖြစ်ပါတယ်။ ကိုယ်ကိုယ်တိုင် ချေးယူထားတဲ့ အမှုမဟုတ်ပါဘူး။ တိုင်ကြားစာက ဦးနေမျိုး ကားဆိပ်ရပ်ကွက်၊ ပလိပ်မြို့၊

မန္တလေးတိုင်းဒေသကြီးရဲ့ ၁-၂-၂၀၁၂ ရက်စွဲနဲ့ တင်ပြထားတဲ့ တင်ပြစာ ဖြစ်ပါတယ်။ တင်ပြစာက ဥပဒေအရ မတရားခံနေရသည့်ကိစ္စအား ကူညီဆောင်ရွက်ပေးပါရန် အသနားခံစာ တင်ပြတိုင်ကြားခြင်းလို့ ဖော်ပြပါတယ်။

တင်ပြချက်များက မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်မြို့တွင်နေထိုင်သော (အဖ)ဦးအောင်ထွေး ၏သား ဦးနေမျိုး၊ မှတ်ပုံတင်နံပါတ် ပါပါတယ်။ ကိုင်ဆောင်သူအား အောက်ပါအတိုင်း ဥပဒေအရ မတရားခံနေရသည့်ကိစ္စအား အသနားခံ တင်ပြတိုင်ကြားအပ်ပါသည်။ ကျွန်တော်နှင့်ဇနီး မတင်တင်ဦး တို့က ဦးကျော်တင့်၊ ဒေါ်စန်းမြင့် တို့ပိုင်ဆိုင်တဲ့ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကားဆိပ်ရပ်မှာ အလား(၄)ရပ် ဖော်ပြထားတဲ့ ပေ(၆၀)ပတ်လည်ရှိတဲ့ မြေကွက်ရဲ့မြောက်ဘက်ပိုင်း၊ တောင်မြောက် (၂၈)ပေနဲ့ အရှေ့အနောက် ပေ(၆၀)ကို ရ.ယ.ကလူကြီးများ၊ ရပ်ကွက်လူမှုရေး ကော်မတီများနဲ့ တိုင်းထွာပြီးတော့ ၂၂-၁၁-၂၀၀၂ ရက်စွဲပါ အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ (၂၆)သိန်းကျပ် ဖြင့် ဦးကျော်တင့် နှင့် ဒေါ်စန်းမြင့် တို့ထံမှ ဝယ်ယူခဲ့ပါသည်။ သူက ဦးကျော်တင့် နှင့် ဒေါ်စန်းမြင့် ထံက တရားဝင် စာချုပ်ချုပ်ပြီး ဝယ်ခဲ့တာပါ။

ထိုသို့ ဝယ်ယူပြီးနောက်မှာ ကျွန်တော်တို့ ဇနီးမောင်နှံသည် ရ.ယ.က ထောက်ခံချက် ဖြင့် သက်ဆိုင်ရာ စည်ပင်သာယာသို့ အိမ်ဆောက်မိန့်တောင်းခံ၍ ခွင့်ပြုချက်ရသဖြင့် နှစ်ထပ်၊ နံကပ်အဆောက်အဦ ဆောက်လုပ်နေထိုင်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်ခရိုင် ဝန်ထမ်းကွက်သစ်မှာနေတဲ့ ဒေါ်တင်တင်ဝင်း (အဖ) ဦးသံချောင်း ကိုင်ဆောင်သူက ကျွန်တော်တို့ ဇနီးမောင်နှံ ဝယ်ယူ၍ အဆောက်အဦ ဆောက်လုပ်နေထိုင် သည်ကို သိရှိလျက် ဦးကျော်တင်၊ ဒေါ်စန်းစန်းမြင့် တို့၏ လက်ဗွေနှင့် လက်မှတ်အတု ပြုလုပ်ပြီး ဦးကျော်တင်၊ ဒေါ်စန်းစန်းမြင့် ဆိုသည့် မူလရောင်းခဲ့တဲ့ အိမ်ပိုင်ရှင်တွေပါ။ ဦးကျော်တင်၊ ဒေါ်စန်းစန်းမြင့် တို့၏သမီး မလှလှမိုးတို့ နှင့် ငွေ(၃)သိန်းချေးသည့်ကိစ္စ ဆောင်ရွက်ရာ မြေတစ်ကွက်လုံးနဲ့ အဆောက်အဦပါ အားလုံး အတိုး/အရင်း (၁၀)သိန်းကျပ်ဖြင့် ၁၈-၈-၂၀၀၂ ရက်နေ့စွဲပါစာချုပ်ကို အတု၊ အတုပြုလုပ်ခဲ့ကြပါသည်။

အဆိုပါ စာချုပ်အတုဖြင့် ကျွန်တော်တို့ ဇနီးမောင်နှံ လက်ရှိနေထိုင်သည်ကို အသိ မပေးပဲ မြေတစ်ကွက်လုံးအား ကျောက်ဆည်ခရိုင်တရားရုံး၊ တရားမကြီးအမှုအမှတ်၊ ၉/၂၀၀၄ ဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပြီး လက်ရောက်ရလိုမှုဖြင့် တရားစွဲဆို အနိုင်ဒီဂရီကို မမှန်မကန်

ရယူခဲ့ပါသည်။ အဲဒီတော့ မူလရောင်းခဲ့တဲ့လူကို စာချုပ်ချုပ်ပြီးတော့ မူလရောင်းခဲ့တဲ့ လူဆီက လက်ရောက်ရယူလိုမှု တရားစွဲပြီးတော့ အနိုင်ယူသွားတဲ့အမှု ဖြစ်ပါတယ်။ အဆိုပါ အနိုင်ဒီဂရီအရ ကျွန်တော်တို့ ဇနီးမောင်နှံအား တရားစွဲဆိုခဲ့ရာ ကျွန်တော်တို့ ဇနီးမောင်နှံမှာ အဆိုပါ အနိုင်ဒီကရီရသော ကျောက်ဆည်ခရိုင်တရားရုံး၊ တရားမကြီးအမှုအမှတ်၊ ၉/၂၀၀၄ စီရင်ချက်နဲ့ ဒီကရီသည် မမှန်မကန်ဆောင်ရွက်ကြောင်း သိရှိရ၍ အဆိုပါ ဒီကရီအား ပျက်ပြယ် ကြောင်း ကျောက်ဆည်ခရိုင်တရားရုံး တရားမကြီးအမှုအမှတ်၊ ၇/၂၀၁၁ ဖြင့် တရားစွဲခဲ့ပါသည်။

အဲဒီတော့ မူလကဝယ်ထားပြီးသား၊ နောက်လူက အကြွေးနဲ့သိမ်းတဲ့အခါမှာ ဝယ်ထားပြီးသား အိမ်ပါရောပြီး သိမ်းလိုက်တဲ့အတွက် အဲဒီအချိန်မှသိရတော့မှ ဒီစာချုပ်ကို ပျက်ပြယ်ကြောင်း သူက ပြန်ဆွဲရတာ ဖြစ်ပါတယ် ၂၀၁၁ ခုနှစ်မှာ။ ထိုသို့စွဲဆိုစဥ် ဒေါ်တင်တင်ဝင်း ကို အတုပြုလုပ်သည့် စာချုပ်ဖြစ်သော ၁၈-၈-၂၀၀၂ နေ့စွဲပါ စာချုပ်ပေါ်ရှိ လက်ဗွေနှင့် လက်မှတ်တို့မှာ မူလအိမ်ပိုင်ရှင်များဖြစ်ကြတဲ့ ဦးကျော်တင် နှင့် ဒေါ်စန်းစန်းမြင့် တို့၏ လက်မှတ်နှင့် လက်ဗွေ ဟုတ်/မဟုတ် မြန်မာနိုင်ငံမှုခင်းရဲတပ်ဖွဲ့မှူးရုံး၊ နေပြည်တော် လက်ရေးနှင့် လက်ဗွေ ပါရဂူထံ ပေးပို့ပြီး စစ်ဆေးရာမှာ ၁၈-၈-၂၀၀၂ နေ့စွဲပါ အရောင်းအဝယ် စာချုပ်ပေါ်ရှိ ရောင်းသူဟု အဆိုပြုသော ဦးကျော်တင် နှင့် ဒေါ်စန်းစန်းမြင့် တို့၏ နေရာ၌ ထိုးထားသော လက်မှတ်၊ နှိပ်ထားသော လက်ဗွေတို့မှာ ဦးကျော်တင် နှင့် ဒေါ်စန်းစန်းမြင့် တို့၏ လက်မှတ်နှင့် လက်ဗွေ မဟုတ်ကြောင်း ပြန်ကြားခဲ့ပါတယ်။

အဆိုပါ ပြန်ကြားစာမိတ္တူကို ပူးတွဲတင်ပြအပ်ပါတယ်။ အတုတွေဖြစ်နေကြောင်း ပြန်လာပါတယ်။ ထိုကြောင့် စာချုပ်အတုဖြင့် ဒီကရီရယူပြီး၊ ကျွန်တော်တို့ အပေါ်စွဲဆိုထားသော ကျောက်ဆည်ခရိုင်တရားရုံး၊ တရားမကြီးအမှုအမှတ်၊ ၈/၂၀၁၁ ကို အနိုင်ပေးပြီး၊ ကျွန်တော်တို့ တကယ်ဝယ်ယူ၍ စွဲဆိုသော ကျောက်ဆည်ခရိုင်တရားရုံး၊ တရားမကြီးအမှုအမှတ်၊ ၇/၂၀၁၁ အား အရှုံးပေးခဲ့ခြင်းမှာ ကျွန်တော်တို့တွင် ဥပဒေအရ အခွင့်အရေးဆုံးရှုံးပြီး အမှားကိုအမှန်၊ အမှန်ကိုအမှား ဥပဒေအရ မတရားဆောင်ရွက်ထားသည့်ကိစ္စအား ဖော်ထုတ်၍ဆောင်ရွက်ပေးပါရန် အသနားခံ တိုင်ကြားအပ်ပါသည်လို့ တိုင်ကြားလာတာဖြစ်ပါတယ်။

ဒီတိုင်ကြားစာအပေါ်မှာ ကျွန်တော်တို့ ကော်မတီရဲ့ အကြံပြုချက်ကတော့ နေပြည်တော်၊ မှုခင်းတပ်ဖွဲ့မှ ကျွမ်းကျင်သူအရာရှိ၏ ထင်မြင်ချက်အရ အမှုမှန်ဖော်ထုတ်၍ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အမှုတွဲအား ပြည်ထောင်စုတရားလွှတ်တော်သို့ လွှဲပြောင်းပေးပို့ သင့်ပါကြောင်းနှင့် သိသာပါရန်နှင့် လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် အမှုတွဲအား ပေးပို့တင်ပြအပ်ပါသည်။ ဖြေရှင်း

ဆောင်ရွက်ပြီးစီးမှု အခြေအနေကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ လိပ်မူ၍ ဤကော်မတီသို့ မိတ္တူပေးပို့ ပြန်ကြားပေးပါရန် ညှိနှိုင်းအပ်ပါသည်ဆိုပြီးတော့ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့က ကျွန်တော်တို့ ပေးပို့ထားခဲ့ပါတယ်။ အဲဒီစာနဲ့ ပတ်သက်လို့တော့ ပြန်ကြားစာမရသေးပါဘူး ခင်ဗျား။ ဒါအခု ကျွန်တော်တို့ စောစောက တင်ပြခဲ့တဲ့ ဥပဒေပါ အချက်အလက်များနဲ့ တိုင်ကြားစာတွေအပေါ်မှာ တွေ့ရှိရချက်များကို လွှတ်တော်ကိုယ်စားလှယ် ကြီးများသိရှိအောင် ဖတ်ကြားတင်ပြခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၀)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ အစီအစဉ်ကို ရပ်နားပါမယ်။ ပထမ အကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ မတ်လ ၂၁ (ကြာသပတေးနေ့) နေ့လယ်(၁)နာရီချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၀၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ အစည်းအဝေးကို ၁၄း၀၇ နာရီအချိန်တွင် ရပ်နားပါသည်။]